အသင်းတော်တည်ထောင်ခြင်းနှင့် ပြန်လည်သစ်လွင်ခြင်းဆိုင်ရာ လက်စွဲစာအုပ်

# အသင်းတော် အတွက် ဘုရားသခင်၏ စီမံကိန်း



# အသင်းတော်
# အတွက်
# ဘုရားသခင်၏စီမံကိန်း

## အသင်းတော်တည်ဆောက်ခြင်းနှင့်
## ပြန်လည်သစ်လွင်ခြင်းဆိုင်ရာ
## လက်စွဲစာအုပ်

**ခေတ်ကာလနှင့် ယဉ်ကျေးမှုများ အထက်သာလွန်ထူးကဲသော**
**သမ္မာကျမ်းစာ နည်းဥပဒေသများကို အသုံးပြုခြင်း**

Tim W. Bunn

God's Plan for His Church

A Manual for Chruch Planting and Church Renewal

Fourth Edition, 2018

Copyright@ 2005, 2008, 2012, 2018 by New Foundations International

Scripture quotations indicated by ESV are taken from the English Standard Version

Copyright@2001 by Crossway, a publishing ministry of Good News Publishers.

All right reserved

ISBN: 9780692173138

Illustrations by Christopher Esterly

New Foundations International

http://www.newfoundationsinternational.org/

Please contact us or send request for information at:

newfoundationsinternational@gmail.com

# တခြားသူတွေကဘာပြောကြလဲ

"ဤလက်စွဲကြောင့် ကျွန်ုပ်သိလာရတာက သမ္မာကျမ်းစာပုံစံကနေလမ်းကြောင်းလွဲနေတဲ့ ဒီကနေ့ အသင်းတော်တွေရဲ့ခါးသီးတဲ့အဖြစ်မှန်ဖြစ်ပါတယ်။ အသင်းတော်တည်ထောင်ခြင်းပြဿနာနဲ့ပတ်သက်ပြီး၊ ကျမ်းစာကဘဲ ပြောပါစေ။ သမ္မာကျမ်းရဲ့အခွင့် အာဏာနဲ့လမ်းပြမှုကိုပိုပြီးနာခံရမှာဖြစ်တယ်လို့ကျွန်ုပ်လေ့လာမိတယ်။ ဒါဟာ ကျွန်ုပ်အတွက်မျက်စိပွင့်စေတဲ့အရင်းအမြစ်ဖြစ်တယ်။"

**အသင်းတော်ပျိုးထောင်သူ၊ အဲယ်ဂျီးရီးယား**

"ဘုရားရဲ့နှုတ်ကပတ်တော်ဆီကိုပြန်သွားပြီး၊ လက်တွေ့အသုံးပြုလိုသောသူအတွက်၊ ဓမ္မသစ်ကျမ်းနှင့်အထူးသဖြင့် တမန်တော်ဝတ္ထုဟာအသက်တာပြောင်းလဲစေသောစာအုပ်များဖြစ်တယ်။ ယင်းအခြေခံတရားများကိုအသုံးပြုခြင်းဖြင့် ကျွန်ုပ်တို့မိသားစုနှင့်ဇမ်ဗီယာနိုင်ငံရှိအသင်းတော်များသည်နိုးထခြင်းအတွေ့အကြုံခံစားရပါတယ်။ ယင်းသည်ပတ်ဝန်းကျင် တိုင်းနိုင်ငံများသို့လည်းပျံ့နှံ့ရောက်ရှိခဲ့တယ်။ ယခုအသင်းတော်သည် တမန်တော်ဝတ္ထုထဲတွင်ရှိသော ကနဦးအသင်းတော် များကဲ့သို့ပို၍တူလာကာ၊ သက်ဝင်လှုပ်ရှားလာကြပါသည်။"

**သင်းအုပ်ဆရာ၊ ဇမ်ဗီယာ၊ အာဖရိက**

"အသင်းတော်နှင့်ယင်း၏သာသနာလှုပ်ရှားမှုအတွက်သမ္မာကျမ်းစာပြီးရင်၊ဤလက်စွဲစာအုပ်ဖြစ်ကြောင်း ကျွန်ုပ်ပြောနိုင်တယ်။ ဘယ်လိုကြောင့်လဲဆိုပြီး၊သင်မေးနိုင်ပါတယ်။ ဘာကြောင့်လဲဆိုရင် ကျမ်းစာကိုဖတ်သောသူတို့ကို အသင်းတော်သစ်များတည်ထောင်ရာတွင်ယဉ်ကျေးမှုနှင့်ခေတ်ကာလထက်သာလွန်ထူးကဲသော ကျမ်းစာ၏အခြေခံနိယာမ များကို ယင်းတို့ကိုယ်တိုင်ကရှာဖွေတွေ့ရှိနိုင်လို့ဖြစ်တယ်။ "ကြီးထွားသောအသင်းတော်၊တန်ခိုးနှင့်အားကြီးသောအသင်းတော် အတွက် ဘုရားသခင်သည်သင့်အားလိုက်လျှောက်စေလိုသောဆင်ကဲဖြစ်စဉ်များကိုရှာဖွေတွေ့ရှိနိုင်မည့် အခွင့်အာဏာနှင့် တပ်ဆင်ရန် ဘုရားသခင်သည် ဤလက်စွဲစာစောင်ကို တန်ဆာပလာအဖြစ်အသုံးပြုမှာဖြစ်တယ်။"

**အသင်းတော်ပျိုးထောင်သူ၊ မြန်မာ**

"အသင်းတော်အတွက် ဘုရားသခင်၏စီမံကိန်းသည် ကမ္ဘောဒီးယားရှိအသင်းတော်များခိုင်ခံခြင်းနှင့်ကြီးထွားမှုရှိရန် အသုံးပြုလျှက်ရှိတယ်။ အထူးသဖြင့်အသင်းတော်မရှိသောဒေသတွင်အသင်းတော်သစ်များတည်ထောင်ခြင်းနှင့် အသင်းတော်၊မိသားစု၊တစ်ဦးချင်းတို့တွင်အသုံးပြုရန်အသက်ရှင်သောဘုရား၏နှုတ်တော်ဖြင့်မှုတ်သွင်းသော ကျမ်းစာ၏အခြေခံနိယာမများပါဝင်သည့်စွမ်းအားရှိသောတန်ဆာပလာတစ်ခုဖြစ်ပါတယ်။"

NCC၊ **ဥက္ကဌ၊ ကမ္ဘောဒီးယား**

"အသင်းတော်သည်ယေရှုအားဖြင့်ပြောင်းလဲသောသူလူတို့၏ယျဉ်ကျေးမှုတိုင်းတွင်လှုပနေသော ခရစ်တော်၏ သတို့သမီးဖြစ်ပါတယ်။ ဤသင်တန်းသည်သမ္မာတရားအတိုင်းလက်တွေ့အသုံးပြုခြင်းနိယာမတစ်ခုဖြစ်ပါတယ်။"

Dr. Allen Karr, Golden Gate Baptist Theological Seminary

"အသင်းတော်အတွက်ဘုရားသခင်၏စီမံကိန်းသည် ဓမ္မသစ်အသင်းတော်နှင့်ယနေ့အသင်းတော်တို့ကိုနှိုင်းယှဉ် ရာတွင် အံ့ဖွယ်လမ်းညွှန်တစ်ခုဖြစ်တယ်။ယင်းသည်တိမ်းစောင်းမှုလုံးဝကင်းပြီး၊ ဘုရား၏နှုတ်ကပတ်တော်မှာ(၁၀၀%)အခြေ ခံတယ်။ ဤစာအုပ်သည်တစ်ဦးစီနှင့်အသင်းတော်အဖွဲ့လိုက်လေ့လာခြင်းအတွက် အသုံးပြုရန်အလေးအနက်ထောက်ခံပါ တယ်။ ဤစာအုပ်ကိုချက်ခြင်းပြီးဆုံးအောင်လုပ်ဆောင်နိုင်သည်သာမက တန်ခိုးပါသောရလဒ်လည်းတွေ့ရပါတယ်။"

**အသင်းတော်ပျိုးထောင်သူ၊ တောင်အမေရိက**

"ဤသင်ခန်းစာတွင် Tim Bunn သည် အသင်းတော်တို့ကိုမွေးထုတ်ရာတွင် ကျန်းမာသောအသင်းတော်များကို ထုတ်လုပ်ပေးသောအမှုတော်အစပြုရန် အသင်းတော်တည်ထောင်ခြင်း အတွက်ခိုင်မာကျစ်လစ်သော သမ္မာကျမ်း၏အခြေခံ အုတ်မြစ်ကိုတည်ဆောက်ခဲ့ခြင်းဖြစ်တယ်။ ဤလက်စွဲသည်လေ့လာသင်ယူခြင်းဘို့မဟုတ်ဘဲ၊ အသင်းတော်တည်ထောင်သူ၏ အကြောင်းအရာနှင့်အံ့ဝင်ဂွင်ကျပြီး၊ နည်းဗျူဟာများကိုဖွံ့ဖြိုးတိုးတက်စေခြင်းဖြစ်ကြောင်းကို နှလုံးသားအပြည့်ဖြင့် ထောက်ခံပါတယ်။"

Dr. Robert Vanjko, International Church Planting Consultant

"ဤလက်စွဲကိုအသုံးပြုပြီးနောက်တွင် မည်ကဲ့သို့သန့်ရှင်းသောဝိညာဉ်တော်သည်သူ၏အသင်းတော်ကို ပြန်လည် သစ်လွင်စေခြင်းအတွက်တန်းခိုးကြီးမားစွာလှုပ်ရှားနေသည်မှာအလွန်အံ့ဩဘွယ်ရာဖြစ်ပါသည်။"

**အသင်းတော်ပျိုးထောင်သူ၊ ဘူတန်**

"လွန်ခဲ့တဲ့(၁၅)နှစ်မှာ၊ အသက်တာနှင့်အမှုတော်မှာကျမ်းစာ၏အတွေးအခေါ်များကိုလေ့လာအသုံးပြုခဲ့တယ်။ အမှုတော်မှာဒီလက်စွဲကိုသုံးတဲ့အခါ၊ကျွန်ုပ်သည်သင်ကြားသူတစ်ဦးမှကျမ်းစာအတိုင်း အသင်းတော်တည်ထောင်သူ ဖြစ်လာပါတယ်။"

**အသင်းတော်ပျိုးထောင်သူ၊ ကာနာတာကာ၊ အန္ဒိယ**

"ဤလက်စွဲအဆုံးတွင်၊လေ့လာသူတစ်ဦးစီသည်သူတို့၏ကိုယ်ပိုင်ကျမ်းစာ၏အခြေခံ၊အသင်းတော်တည်ထောင်ခြင်းမဟာဗျူဟာကိုရရှိလိမ့်မည်။ ဤလက်စွဲတွင်သင်ကြားသောစနစ်သည်ရိုးရှင်းပါတယ်။ မေးခွန်းတိုင်းတွင်လေ့လာသူတို့သည် ဝိညာဉ်တော်ကိုအမှီပြု၍ကျမ်းစာမှသမ္မာတရားများကိုဖြေဆိုနိုင်ရန်လုပ်ဆောင်ပေးထားပါတယ်။ ဤလက်စွဲ၏အကောင်းဆုံးသောအရာမှာအလွန်လက်တွေ့ကျခြင်းဖြစ်တယ်။"

**အသင်းတော်ပျိုးထောင်သူ၊ နီပေါ**

"ဘုရားသခင်သည် ဤလက်စွဲကိုအသုံးပြု၍ဗီယက်နမ်ရှိဒေသန္တရအသင်းတော်များအပေါ် ကြီးမားသောအကျိုးသက်ရောက်မှုကိုဖြစ်ပေါ်စေပါတယ်။ လက်ရှိအသင်းတော်ကိုခိုင်ခန့်စေခြင်းနှင့်အသင်းတော်သစ်များကိုတည်ထောင်ရန်၊ အသင်းတော်တည်ထောင်သူများအားသင်တန်းပေးရာတွင်၊ဤစာအုပ်ဟာရှင်းလင်းပြည့်စုံပြီး၊သိပ်ပြီးအသုံးဝင်ပါတယ်။"

**အသင်းတော်ပျိုးထောင်သူ၊ ဗီယက်နမ်**

"ဤသင်တန်းလက်စွဲသည် ကျွန်ုပ်၏အမှုတော်လုပ်ငန်းအတွက်အလှည့်အပြောင်းတစ်ခုဖြစ်တယ်။ အသင်းတော်တည်ထောင်သူတစ်ဦးအဖြစ် ဘုရားသခင်သည်ကျွန်ုပ်အားအလိုရှိသည်ကိုသိရှိပြီးနောက်တွင်၊ ယခုအကျွန်ုပ်သည် ဘုရား၏စီမံချက်အတိုင်းလိုက်လျှောက်နေပါတယ်။ ခရိုင်မှပြည်နယ်၊ ပြည်နယ်မှအခြားသောတိုင်းနိုင်ငံအထိဘုရားသခင်သည်မိမိအသင်းတော်ကိုတည်ဆောက်နေပါတယ်။ ဤလက်စွဲက ထိုစီမံချက်ကိုရှာဖွေတွေ့ရှိရန်သင့်ကိုကူညီနိုင်တယ်။"

**အသင်းတော်ပျိုးထောင်သူ၊ ဘင်္ဂလားဒေ့ရှ်**

"ကျမ်းစာ၏ပြင်ပတွင် အထူးမြတ်ဆုံးသောတန်ဆာတစ်ခုမှာ *အသင်းတော်အတွက်ဘုရားသခင်၏စီမံကိန်း* ဖြစ်ပြီး၊ ဘုရား၏နှုတ်ကပတ်တော်အပေါ် တိကျစွာအခြေခံတဲ့ကရိယာဟာဘယ်လောက်ကြီးမြတ်သလဲ။ နှစ်ပေါင်း (၂၀၀၀)ကျော်ကြာအသုံးမကျသူတို့၏ပေါင်းထည့်သောအရာတို့ကိုဖြတ်ကျော်ကာ၊ ဓမ္မသစ်အသင်းတော်၏အချိန်ကာလတို့အထက် နည်းဗျူဟာဆီသို့ပြန်လှည့်လာခြင်းဖြစ်တယ်။ ဤလက်စွဲဖြင့်ဘုရားသခင်သည်ကျွန်ုပ်အသက်တာတွင်လုပ်ရှားခဲ့ပါတယ်။ ဘူတန်နိုင်ငံရှိများစွာသောလူတို့၏အသက်တာတွင်လည်းလုပ်ရှားဆောင်ရွက်ခဲ့ကြောင်း မြင်တွေ့ခဲ့ရပါတယ်။"

**အသင်းတော်ပျိုးထောင်သူ၊ ဘူတန်**

"Tim Bunn ဦးဆောင်မှုဖြင့် ဆက်ကပ်သောအဖွဲ့နှင့်အတူ *အသင်းတော်အတွက်ဘုရားသခင်၏စီမံကိန်း* စာအုပ်အားဖတ်ရှုရန်နှင့်လေ့လာဖို့ရန်အခွင့်ထူးရရှိခဲ့ပါတယ်။ ဤသင်ခန်းစာသည်ဝိညာဉ်ရေးနှင့်လက်တွေ့ အတွက်တန်ဘိုးကြီးမားပါတယ်။ သာသနာပြုသူတိုင်းနှင့်ကျမ်းစာကျောင်းသားတိုင်းအား ယင်းသင်ခန်းစာကိုသူတို့၏နောက်ဆုံးနှစ်သင်ခန်းစာအဖြစ်သင်ယူရန်လိုလားပါတယ်။ သို့မှသာအသင်းတော်တည်ထောင်ခြင်းအတွက် ဘုရားပေးသောကျမ်းစာ၏နည်းစနစ်များကိုသိရှိပြီး၊ ပြင်ပသို့သွားကာ၊ ရပ်တန့်၍မရသောအသင်းတော်တည်ထောင်သူများနှင့်သင်းအုပ်ဆရာများဖြစ်လာကြပါမည်။"

Rev. George Attieh, Baptist Seminary, Lebanon

"ဘုရားသခင်သည် ကျွန်ုပ်အသက်တာပြောင်းလဲရန် ဤလက်စွဲကိုအသုံးပြုခဲ့ပါတယ်။ နှုတ်ကပတ်တော်၌နက်ရှိုင်းစွာအမြစ်တွယ်ခြင်းတစ်ခုကို ကျွန်ုပ်ပတ်လည်ရှိလူတို့တွင်ပေးထားပါတယ်။ ကျွန်ုပ်တို့အသင်းတော်သည်နှုတ်ကပတ်တော်ပြောသကဲ့သို့လှုပ်ရှားနေကြပါတယ်။ယင်းကြောင့်အများသောသူတို့သည် ကောင်းကြီးခံစားရပါတယ်။"

**စီးပွါးရေးလုပ်ငန်းရှင်နှင့်သင်းအုပ်၊ မြောက်ကာရိုလိုင်းနား**

"ခေါင်းစဉ်ခွဲမှာ၊ ဤလက်စွဲဟာအသင်းတော်များခိုင်ခန့်စေခြင်းနှင့်အသင်းတော်တည်ထောင်ခြင်းအတွက် ခေတ်ကာလယဉ်ကျေးမှုများအထက်သာလွန်ထူးကဲသောအခြေခံနိယာမများကိုအသုံးပြုခဲ့ပါတယ်။ အဲဒီမှာပေါ်ပင်တွေ၊ ထွင်လုံးတွေ၊ရေပန်စားတဲ့စကားတွေ၊မေ့ပျောက်မဲ့အရာနဲ့(၁၀)နှစ်အတွင်းမှာပျောက်ကွယ်မဲ့အရာတွေမဟုတ်ပါ။ ဘုရား၏အိမ်တော်တွင်ယုံကြည်သူတစ်ဦးချင်းမည်သို့အသက်ရှင်ရန်နှင့်ခန္ဓာကိုယ်တစ်ခုတွင် အသင်းတော်များမည်သို့ လုပ်ဆောင်ရမည့်ကို ဘုရား၏နှုတ်ကပတ်တော်၌မှန်ကန်စွာပိုင်းခြားရန် သင်ခန်းစာတစ်ခုပြီးတစ်ခုလုပ်ဆောင်ရန်ဖြစ်ပါတယ်။"

**သင်းအုပ်၊ အမေရိကာ**

# ကျစ်လစ်သော မာတိကာ


စာမျက်နှာ

**အခန်း ၁။ ကျွန်ုပ်တို့အတွက်စိန်ခေါ်ချက် – သမ္မာကျမ်းစာသို့ပြန်လှည့်လာခြင်း** ၁၅
ပြန်လှည့်လာခြင်းနှင့်တည်ဆောက်ခြင်း- ဘုရားသခင်၏နှုတ်ကပတ်တော် တန်ခိုးအာဏာရှိခြင်းနှင့် ပြည့်စုံလုံလောက်မှုရှိခြင်း

**အခန်း ၂။ ကျွန်ုပ်တို့အတွက်စိန်ခေါ်ချက် – ဘုရားသခင်၏ရည်ရွယ်ချက်နှင့် စီမံကိန်းကိုမြင်တွေ့ခြင်း** ၂၉
အသင်းတော်၏ပန်းတိုင်ကိုမြင်တွေ့ခြင်း - ကမ္ဘာလောကကြီးသည် ဘုရား၏ဘုန်းတော်နှင့် သိကျွမ်းခြင်း၌ပြည့်စုံခြင်း

**အခန်း ၃။ ကျွန်ုပ်တို့အတွက်စိန်ခေါ်ချက် – ဘုရားသခင်၏အကြံအစည်ကိုနားလည်ခြင်း** ၃၉
ဘုရားသခင်၏အကြံအစည်ကိုနားလည်ခြင်း - အသင်းတော်မရှိသောဒေသတွင် အသင်းတော်တည်ထောင်ခြင်းနှင့်ရှိနေသောအသင်းတော်များကိုခိုင်ခံစေခြင်း

**အခန်း ၄။ ကျွန်ုပ်တို့အတွက်စိန်ခေါ်ချက် – သစ္စာရှိသောခေါင်းဆောင်များဖွံ့ဖြိုးတိုးတက်စေခြင်း** ၆၉
သစ္စာရှိသောခေါင်းဆောင်များဖွံ့ဖြိုးတိုးတက်စေခြင်း - ခရစ်တော်အတွက်လောကကို မှောက်လှန်သော ကနဦးတပည့်တော်များကဲ့သို့ဖြစ်စေခြင်း

**အခန်း ၅။ ကျွန်ုပ်တို့အတွက်စိန်ခေါ်ချက် – ခိုင်ခံသောအသင်းတော်များဖွံ့ဖြိုးတိုးတက်စေခြင်း** ၉၁
ခိုင်ခံသောအသင်းတော်များဖွံ့ဖြိုးတိုးတက်စေခြင်း - ခရစ်တော်၏နောက်လိုက်၊ အသင်းတော်တည်ထောင်သောသူတို့၏ဆရာပေါလုနောက်လိုက်ခြင်း

**အခန်း ၆။ ကျွန်ုပ်တို့အတွက်စိန်ခေါ်ချက် – အစဉ်တကျရှိသောအသင်းတော်များဖွံ့ဖြိုးတိုးတက်စေခြင်း** ၁၂၇
အစဉ်တကျရှိသောအသင်းတော်များဖွံ့ဖြိုးတိုးတက်စေခြင်း - တစ်ဦးချင်းနှင့်မိသားစုများကို သမ္မာကျမ်း၏စံနှုန်းအတိုင်းအစဉ်တကျထားရှိခြင်း

**အခန်း ၇။ ကျွန်ုပ်တို့အတွက်စိန်ခေါ်ချက် – အသင်းတော်တည်ဆောက်ခြင်းကိုတိုးတက်စေခြင်းနှင့် မဟာဗျူဟာများကိုအသစ်ပြန်လည်တည်ဆောက်ခြင်း** ၁၇၄
ဖွံ့ဖြိုးတိုးတက်စေခြင်းနှင့်လက်တွေ့အသုံးပြုခြင်း - ဘုရားသခင်၏နှုတ်ကပတ်တော်အပေါ်၌ တည်ဆောက်ခြင်းဖြင့် အသင်းတော်တည်ထောင်ခြင်းနှင့်အသစ်ပြန်လည်၍မဟာဗျူဟာများကို တည်ဆောက်ခြင်း

**နောက်ဆက်တွဲများနှင့် အရင်းအမြစ်များ** ၁၈၃
ဖွံ့ဖြိုးတိုးတက်စေခြင်း - အလွန်ကြွယ်ဝသောသမ္မာကျမ်းအခြေခံနိယာမများ ပို၍နားလည်ခြင်းအားဖြင့် ခိုင်ခန့်သောအသင်းတော်များတည်ထောင်ခြင်းနှင့်ရှိနေသောအသင်းတော်များကို အသစ်ပြန်လည်သစ်လွင်စေခြင်း

## ကြိုတင်လုပ်ဆောင်ရန် လမ်းညွှန်ချက်များ

*အသင်းတော်အတွက် ဘုရားသခင်၏စီမံကိန်း* လက်စွဲစာအုပ်ကိုပြီးဆုံးအောင်ဆောင်ရွက်ရန် ဘုရားသခင်သည် မိတ်ဆွေအားလမ်းပြနေသည့်ဟုယုံကြည်ပါက၊ အောက်တွင် အချို့သောလမ်းညွှန်ချက်များကို မိမိတစ်ဦးချင်းအတွက် သော်၎င်း၊ အဖွဲ့လိုက်သော၎င်း၊ လုပ်ဆောင်ဘို့ရန် အလေးအနက်အကြံပြုလိုပါသည်။ ကြိုတင်လုပ်ဆောင်ရန် လမ်းညွှန်ချက်အတိုင်း လုပ်ဆောင်ပြီးပါက၊ မိတ်ဆွေနှင့်အတူ စီမံကိန်းများ၊ တစ်ဦးချင်းလက်တွေ့လုပ်ဆောင်ခြင်းများကို အပြီးသတ်လုပ်ဆောင်ရန်ဆွေးနွေးလိုပါသည်။ စာမျက်နာ (၁၈၂) ပြီးဆုံးခြင်း အသိအမှတ်ပြုလက်မှတ်ကိုတွေ့မြင်ရပါမည်။ မေးခွန်းများ မေးမြန်းလိုပါက newfoundationsinternational@gmail.com နှင့် ဆက်သွယ်လို့ရပါသည်။



ဖတ်ပါ



ရေးသားပါ

**ဆွေးနွေးခြင်း၊ လက်တွေ့လုပ်ဆောင်ခြင်းနှင့်စီမံကိန်း** အများစုတို့ကို သင်တန်းတွင်တွေ့ဆုံသောအချိန်၌ အပြီးသတ်လုပ်ဆောင်ရမည်ဖြစ်ပါသည်။ သင်သည်**လေ့လာသုံးသပ်ခြင်း**ကိုဖတ်ရှုခြင်း၊ **ဆင်ခြင်သုံးသပ်ခြင်း**အပိုင်း၊ ကွက်လပ်များကိုဖြည့်စွက်ခြင်း၊ စာမျက်နာ(၇-၁၀)တွင်ရှိသော သင်ခန်းစာနှင့်စီမံကိန်းတို့၏ဘေးတွင် ပြီးဆုံးသောနေ့ကိုကွက်လပ်တွင် ဖြည့်စွက်ရန်ဖြစ်သည်။ **ဆွေးနွေးခြင်း၊** ကွက်လပ်များတွင် တစ်စုံတစ်ယောက်(သို့)အဖွဲ့ငယ်နှင့်အတူလုပ်ဆောင်၍ ဖြည့်စွက်ပေးပါ။ (**မှတ်ချက်** – နောက်ဆက်တွဲတွင်ပါ။ ယင်းမှာ **သမ္မာကျမ်းစာကိုလေ့လာခြင်း၊** စာမျက်နာ ၁၈၆-၁၈၇)

အထက်ပါညွှန်ကြားချက်အတိုင်း ပြီးဆုံးအောင်လုပ်ဆောင်ပြီးသောအချိန်တွင် ကျေးဇူးပြု၍ကျွန်ုပ်တို့အား အသိပေးပါ။ မိတ်ဆွေနှင့်အတူတွေ့ဆုံရန် ကျွန်ုပ်တို့အစီအစဉ်တစ်ခုကိုရေးဆွဲလိုပါသည်။ ကျွန်ုပ်တို့၏ကယ်တင်ရှင်အမှုကို ဆောင်ရွက်သောအခါ တန်ခိုး၊လွတ်မြောက်ခြင်း၊ဝမ်းမြောက်ခြင်းတို့ကိုအစပြုနေသော မိတ်ဆွေအတွက် အချိန်တိုင်းတွင် အခွင့်အရေးတစ်ခုအဖြစ်မှတ်ယူကာ ကျွန်ုပ်တို့သည် မိတ်ဆွေအတွက်ဆုတောင်းပေးနေပါသည်။

### သင်တန်းအစီအစဉ် – အသင်းတော်အတွက်ဘုရားသခင်၏စီမံကိန်း

| **အစီအစဉ်** | **အကြောင်းအရာ** | **ဆွေးနွေးခြင်း(အဖွဲ့ငယ်များ)** | **အိမ်စာ** | **အချိန်ကာလ** |
|---|---|---|---|---|
| ၁။ | နိဒါန်း | နိဒါန်း၊ ခြုံငုံလေ့လာ၊ ပန်းတိုင် | အခန်း ၁-၃ | ၂ ရက် |
| ၂။ | နောက်ဆက်တွဲ | အခန်း ၁-၃ | အခန်း ၄-၅ | ၃ ရက် |
| ၃။ | နောက်ဆက်တွဲ | အခန်း ၄-၅ | အခန်း ၆ | ၄ ရက် |
| ၄။ | စတင်လုပ်ဆောင်ခြင်း | အခန်း ၆-၇ | “သွား” | ၄ ရက် |

| **အစီအစဉ်** | **အကြောင်းအရာ** | **ဆွေးနွေးခြင်း(အဖွဲ့ငယ်များ)** | **အိမ်စာ** | **အချိန်ကာလ** |
|---|---|---|---|---|
| ၁။ | နိဒါန်း | နိဒါန်း၊ ခြုံငုံလေ့လာ၊ ပန်းတိုင် | အခန်း ၁-၄ | ၂ ရက် |
| ၂။ | နောက်ဆက်တွဲ | အခန်း ၁-၄ | အခန်း ၁-၄ | ၄ ရက် |
| ၃။ | စတင်လုပ်ဆောင်ခြင်း | အခန်း ၅-၇ | “သွား” | ၅ ရက် |

| **အစီအစဉ်** | **အကြောင်းအရာ** | **ဆွေးနွေးခြင်း(အဖွဲ့ငယ်များ)** | **အိမ်စာ** | **အချိန်ကာလ** |
|---|---|---|---|---|
| ၁။ | နိဒါန်း | ခြုံငုံလေ့လာ၊ အခန်း ၁-၃ | အခန်း ၄-၆ | ၅ ရက် |
| ၂။ | နောက်ဆက်တွဲနှင့်စတင်လုပ်ဆောင်ခြင်း | အခန်း ၄-၇ | “သွား” | ၅ ရက် |

| **အစီအစဉ်** | **အကြောင်းအရာ** | **ဆွေးနွေးခြင်း(အဖွဲ့ငယ်များ)** | **အိမ်စာ** | **အချိန်ကာလ** |
|---|---|---|---|---|
| ၁။ | စတင်လုပ်ဆောင်ရန်ပြင်ဆင်ခြင်း | အခန်း ၁-၇ | “သွား” | ၂၈-၃၀ ရက် |

# အသေးစိတ်မာတိကာများနှင့်တိုးတက်မှုမှတ်တမ်း

*စီမံကိန်းနှင့်သင်ခန်းစာပြီးဆုံးသောအခါ ခေါင်းစဉ်ရှေ့တွင်တားထားသောလိုင်းပေါ်တွင်ရက်စွဲကိုရေးသားပေးပါ။*


**စာမျက်နှာ**

**အခန်း ၁။**

**ကျွန်ုပ်တို့အတွက်စိန်ခေါ်ချက်။ ။သမ္မာကျမ်းစာသို့ပြန်လှည့်လာခြင်း** ၁၅

*<u>ပြီးသောရက်စွဲ</u>*

__________ **စီမံကိန်း (A)** အရှိန်မြင့်တင်သောအရာနှင့်ဟန့်တားသောအရာများကိုဖေါ်ထုတ်ခြင်း ၂၃

**အခန်း ၂။**

**ကျွန်ုပ်တို့အတွက်စိန်ခေါ်ချက်။ ။ ဘုရားသခင်၏ရည်ရွယ်ချက်နှင့်စီမံကိန်းကိုမြင်တွေ့ခြင်း** ၂၉

__________ **စီမံကိန်း (B)** ဘုရားသခင်၏ရည်ရွယ်ချက်နှင့်စီမံကိန်းကိုဖေါ်ပြခြင်း ၃၀

**အခန်း ၃။**

**ကျွန်ုပ်တို့အတွက်စိန်ခေါ်ချက်။ ။ ဘုရားသခင်၏စီမံကိန်းကို နားလည်သဘောပေါက်ခြင်း** ၃၉

__________ **စီမံကိန်း (C)** တည်မြဲခြင်းနိယာမနှင့်မတည်မြဲခြင်းနိယာမတို့ကို ခွဲခြားစိတ်ဖြာခြင်း ၄၀

__________ **သင်ခန်းစာ ၁** အသင်းတော်ကျယ်ပြန့်ခြင်း - ယေရှုရှလင်မြို့ ၄၂

__________ **သင်ခန်းစာ ၂** အသင်းတော်ကျယ်ပြန့်ခြင်း - ယုဒပြည်နှင့်ရှာမာရိပြည် ၄၅

__________ **သင်ခန်းစာ ၃** အသင်းတော်ကျယ်ပြန့်ခြင်း - အန္တိအုတ် ၄၇

__________ **သင်ခန်းစာ ၄** အသင်းတော်ကျယ်ပြန့်ခြင်း - အာရှမိုင်းနာဒေသ ၅၀

__________ **သင်ခန်းစာ ၅** အသင်းတော်ကျယ်ပြန့်ခြင်း - Aegean ဒေသ ၅၃

__________ **သင်ခန်းစာ ၆** အသင်းတော်ကျယ်ပြန့်ခြင်း - ရောမအင်ပါယာ ၅၆

__________ **သင်ခန်းစာ ၇** အသင်းတော်ကျယ်ပြန့်ခြင်း - ယေရှုရှလင်မှမြေကြီးစွန်းတိုင်အောင် ၅၉

__________ **သင်ခန်းစာ ၈** ရှင်ပေါလု၏သာသနာပြုခြင်း နည်းဗျူဟာ ၆၀

__________ **သင်ခန်းစာ ၉** အန္တိအုတ်အသင်းတော်၏နမူနာ ၆၂

__________ **စီမံကိန်း (D)** သင်၏ကိုယ်ပိုင်နည်းဗျူဟာကို ကြီးထွားဖွံ့ဖြိုးစေခြင်း ၆၇

**အခန်း ၄။**

**ကျွန်ုပ်တို့အတွက်စိန်ခေါ်ချက်။ အသင်းတော်၌ သစ္စာရှိသောခေါင်းဆောင်များကို ကြီးထွားဖွံ့ဖြိုးစေခြင်း** ၆၉


__________ **သင်ခန်းစာ ၁၀** ကနဦးအသင်းတော်၌တမန်တော်များ၏အရေးကြီးသောကဏ္ဍ ၇၁

__________ **သင်ခန်းစာ ၁၁** ဘုရားသခင်သည်အဓိကကျသောခေါင်းဆောင်တို့ကိုခေါ်ယူခြင်း ၈၀

__________ **စီမံကိန်း (E)** ကနဦးအသင်းတော်နှင့်ယနေ့ခေါင်းဆောင်မှုသင်တန်းတို့နှိုင်းယှဉ်ခြင်း ၈၈


**အခန်း ၅။**

**ကျွန်ုပ်တို့အတွက်စိန်ခေါ်ချက်။ ခိုင်ခန့်သောအသင်းတော်များ ဖွံ့ဖြိုးတိုးတက်စေခြင်း** ၉၁


__________ **သင်ခန်းစာ ၁၂** အသင်းတော်များကို ခိုင်ခန့်စေခြင်း(သို့)တည်ဆောက်ခြင်း
ရှင်ပေါလု၏စာစောင်များ ၉၆

__________ **သင်ခန်းစာ ၁၃** အသင်းတော်များတည်ဆောက်ခြင်း၊ရှင်ပေါလု၏အစောပိုင်းစာစောင်များ
ဂလာတိဩဝါဒစာ ၉၈

__________ **သင်ခန်းစာ ၁၄** အသင်းတော်များတည်ဆောက်ခြင်း၊ ရှင်ပေါလု၏အစောပိုင်းစာစောင်များ
သက်သာလောနိတ်ဩဝါဒစာပထမနှင့်ဒုတိယစာစောင် ၁၀၀

__________ **သင်ခန်းစာ ၁၅** အသင်းတော်များတည်ဆောက်ခြင်း၊ ရှင်ပေါလု၏အစောပိုင်းစာစောင်များ
ကောရိန္သုဩဝါဒစာပထမစာစောင် ၁၀၂

__________ **သင်ခန်းစာ ၁၆** အသင်းတော်များတည်ဆောက်ခြင်း၊ရှင်ပေါလု၏အစောပိုင်းစာစောင်များ
ကောရိန္သုဩဝါဒစာဒုတိယစာစောင် ၁၀၄

__________ **သင်ခန်းစာ ၁၇** အသင်းတော်များတည်ဆောက်ခြင်း၊ရှင်ပေါလု၏အစောပိုင်းစာစောင်များ
ရောမဩဝါဒစာစောင် ၁၀၆

__________ **သင်ခန်းစာ ၁၈** အသင်းတော်များတည်ဆောက်ခြင်း၊ရှင်ပေါလု၏အလယ်ပိုင်းစာစောင်များ
ဧဖက်ဩဝါဒစာစောင် ၁၀၈

__________ **သင်ခန်းစာ ၁၉** အသင်းတော်များတည်ဆောက်ခြင်း၊ရှင်ပေါလု၏အလယ်ပိုင်းစာစောင်များ
ဖိလိပ္ပိဩဝါဒစာစောင် ၁၁၀

__________ **သင်ခန်းစာ ၂၀** အသင်းတော်များတည်ဆောက်ခြင်း၊ရှင်ပေါလု၏အလယ်ပိုင်းစာစောင်များ
ကောလောသဲဩဝါဒစာစောင် ၁၁၂

__________ **သင်ခန်းစာ ၂၁** အသင်းတော်များတည်ဆောက်ခြင်း၊ရှင်ပေါလု၏အလယ်ပိုင်းစာစောင်များ
ဖိလေမုန်ဩဝါဒစာစောင် ၁၁၄

__________ **သင်ခန်းစာ ၂၂** အသင်းတော်များတည်ဆောက်ခြင်း၊ရှင်ပေါလု၏နှောင်းပိုင်းစာစောင်များ
တိမောသေဩဝါဒစာပထမစာစောင် ၁၁၆

__________ **သင်ခန်းစာ ၂၃** အသင်းတော်များတည်ဆောက်ခြင်း၊ရှင်ပေါလု၏နှောင်းပိုင်းစာစောင်များ
တိတုဩဝါဒစာစောင် ၁၁၈

__________ **သင်ခန်းစာ ၂၄** အသင်းတော်များတည်ဆောက်ခြင်း၊ ရှင်ပေါလု၏နှောင်းပိုင်းစာစောင်များ
တိမောတေသြဝါဒစာဒုတိယစာစောင် ၁၂၀
__________ **စီမံကိန်း (F)** မည်ကဲ့သို့အသင်းတော်တစ်ပါးကိုပြည့်စုံအောင်တည်ဆောက်မည်နည်း။ ၁၂၂
__________ **သင်ခန်းစာ ၂၅** အသင်းတော်တည်ဆောက်ခြင်းကို သမ္မာကျမ်းစာအတိုင်း ရှင်းလင်းဖော်ပြခြင်း
၁၂၃
__________ **စီမံကိန်း (G)** ဓမ္မသစ်အသင်းတော်တစ်ပါး စတင်တည်ဆောက်ခြင်း ၁၂၅

**အခန်း ၆။**
**ကျွန်ုပ်တို့အတွက်စိန်ခေါ်ချက်။ အစဉ်တကျရှိသောအသင်းတော်များ ဖွံ့ဖြိုးတိုးတက်လာခြင်း** ၁၂၇
__________ **သင်ခန်းစာ ၂၆** အိမ်ထောင်အတွင်း မိသားစုအစဉ်တကျရှိခြင်း ၁၃၀
__________ **သင်ခန်းစာ ၂၇** ခရစ်တော်၌ရှိသောသင့်အသက်တာ ၁၃၂
__________ **သင်ခန်းစာ ၂၈** ခရစ်တော်နှင့်အတူရှိသောသင့်အသက်တာ ၁၃၅
__________ **သင်ခန်းစာ ၂၉** လက်ထပ်ထိမ်းမြားခြင်း၏အခန်းကဏ္ဍ ၁၃၈
__________ **သင်ခန်းစာ ၃၀** ခင်ပွန်းသည်၏အခန်းကဏ္ဍ ၁၄၀
__________ **သင်ခန်းစာ ၃၁** ဇနီးသည်၏အခန်းကဏ္ဍ ၁၄၂
__________ **သင်ခန်းစာ ၃၂** မိဘတို့၏အခန်းကဏ္ဍ ၁၄၄
__________ **သင်ခန်းစာ ၃၃** သားသမီးတို့၏အခန်းကဏ္ဍ ၁၄၆
__________ **စီမံကိန်း (H)** မိသားစုကို အစဉ်တကျထားရှိခြင်း ၁၄၈
__________ **သင်ခန်းစာ ၃၄** ဧဝံဂေလိအမှုတော်ဆောင်တို့၏အခန်းကဏ္ဍ ၁၅၀
__________ **သင်ခန်းစာ ၃၅** သင်းအုပ်များ၊ အသင်းတော်လူကြီးများ၊ ဘုန်းတော်ကြီးများ၊ကြည့်ရှုသူတို့၏
အခန်းကဏ္ဍ ၁၅၂
__________ **သင်ခန်းစာ ၃၆** သင်းထောက်တို့၏အခန်းကဏ္ဍ ၁၅၄
__________ **သင်ခန်းစာ ၃၇** အမျိုးသားနှင့်အမျိုးသမီးတို့၏အခန်းကဏ္ဍ ၁၅၆
__________ **သင်ခန်းစာ ၃၈** အသက်ကြီးသူအမျိုးသားတို့၏အခန်းကဏ္ဍ ၁၅၈
__________ **သင်ခန်းစာ ၃၉** အသက်ကြီးသူအမျိုးသမီးတို့၏အခန်းကဏ္ဍ ၁၆၀
__________ **သင်ခန်းစာ ၄၀** အသက်ငယ်သောအမျိုးသားတို့၏အခန်းကဏ္ဍ ၁၆၂
__________ **သင်ခန်းစာ ၄၁** အသက်ငယ်သောအမျိုးသမီးတို့၏အခန်းကဏ္ဍ ၁၆၄
__________ **သင်ခန်းစာ ၄၂** မုဆိုးမတို့၏အခန်းကဏ္ဍ ၁၆၆
__________ **စီမံကိန်း (I)** အသင်းတော်အား အစီအစဉ်တကျထားရှိခြင်း ၁၆၈

**အခန်း ၇။**

**ကျွန်ုပ်တို့အတွက်စိန်ခေါ်ချက်။ အသင်းတော်တည်ထောင်ခြင်းနှင့်ပြန်လည်သစ်လွင်ခြင်းဆိုင်ရာ မဟာဗျူဟာများ တိုးတက်ကောင်းမွန်လာစေခြင်း** ၁၇၃

__________ **စီမံကိန်း (J)** သင့်၏ကိုယ်ပိုင်အသင်းတော်တည်ထောင်ခြင်းနှင့် အသင်းတော်သစ်လွင်ခြင်းဆိုင်ရာ မဟာဗျူဟာဒီဇိုင်း ၁၇၄

__________ **စီမံကိန်း (K)** (၁၀)နှစ်တာ အသင်းတော်တည်ထောင်ခြင်းနှင့် ပြန်လည်သစ်လွင်ခြင်းဆိုင်ရာ နည်းဗျူဟာ ၁၇၉

**နောက်ဆက်တွဲများနှင့်ကိုးကားချက်များ** ၁၈၂

__________ သင်တန်းပြီးဆုံးခြင်းလက်မှတ် ၁၈၂

__________ ရှင်ပေါလု၏သာသနာခရီးစဉ်များ ၁၈၄

__________ သမ္မာကျမ်းစာကိုလေ့လာခြင်း ၁၈၆

__________ သခင်ဘုရား၏ပွဲတော်မင်္ဂလာ ၁၈၈

__________ ရေနှစ်ခြင်းမင်္ဂလာ ၁၉၀

__________ သဘောထားကွဲလွဲချက်များကို ကိုယ်တွယ်ဖြေရှင်းခြင်း ၁၉၂

__________ ပေးကမ်းခြင်းနှင့်ငွေကြေးဆိုင်ရာအချက်အလက်များ ၁၉၅

__________ တစ်ဦးနှင့်တစ်ဦးအစေခံခြင်း(သင်းဝင်သူများ) ၁၉၇

__________ လောက၊ အစိုးရအာဏာရှိသူများနှင့်ဆက်ဆံရေး ၁၉၉

__________ လိင်တူဆက်ဆံခြင်းနှင့် လိင်တူထိမ်မြားခြင်း ၂၀၁

__________ တမန်တော်တို့၏သာသနာလုပ်ငန်းသုံးသပ်ချက် ၂၀၃

__________ အသင်းတော်တည်ထောင်ခြင်းသာသနာကိုသမ္မာကျမ်းအတိုင်းဖေါ်ထုတ်ခြင်း ၂၀၅

__________ အသင်းတော်တည်ထောင်သူတို့၏ငွေကြေးဆိုင်ရာထောက်ပံ့မှု ၂၀၉

__________ သင်းအုပ်၊အသင်းတော်လူကြီး၊ဘုန်းတော်ကြီးတို့၏အရည်အချင်း သုံးသပ်ချက် ၂၁၂

__________ သင်းထောက်တို့၏အရည်အချင်း သုံးသပ်ချက် ၂၁၅

## စာရေးသူ၏အမှာစကား

ယေရှုခရစ်တော်၊ကျွန်ုပ်တို့၏သခင်နှင့်ကယ်တင်ရှင်၏ဘုန်းတော်အတွက်အသုံးပြုရန် ဤအသင်းတော်တည်ထောင်ခြင်းလက်စွဲကိုရေးသားခဲ့ခြင်းဖြစ်ပါသည်။ ယခင်ပုံနှိပ်ထုတ်ဝေခဲ့သောစာအုပ်နှင့်ပြန်လည်ပြင်ဆင်ရေးသားသောစာအုပ်များအပြင်၊ယင်းအသင်းတော်တည်ထောင်ခြင်းလက်စွဲစာအုပ်တို့ကိုဘာသာစကားများစွာတို့အားဖြင့် ကမ္ဘာတစ်ဝှမ်းတွင်ဘာသာပြန်ဆိုအသုံးပြုခဲ့ကြပြီး၊ ကောင်းချီးခံစားရသောအသင်းတော်များတို့၏ခေါင်းဆောင်များအတွက် ဝမ်းသာပီတိဖြစ်ရပါသည်။ အထူးသဖြင့်ချစ်ညီအစ်ကိုများဖြစ်သော Sherman Driver, Terry Manahan, Randy Matthews, နှင့် Tran Quoc Bay တို့ကိုလည်းအထူးကျေးဇူးတင်ပါသည်။ ဤလက်စွဲပေါ်ပေါက်လာအောင် သူတို့၏ဉာဏ်ပညာ၊ အားပေးတိုက်တွန်းခြင်း၊ သတင်းကောင်း၌အတူလက်တွဲ၍လမ်းတစ်လျှောက်လုံးယှဉ်တွဲကာလုပ်ဆောင်ပေးနေသောကြောင့်ဖြစ်သည်။

Roland Allen (1868 - 1947) သည် သာသနာပြုခြင်းနှင့်ဆိုင်သောစာအုပ်များစွာကိုရေးသားခဲ့ပြီး၊ ယင်းအထဲတွင် "Missionary Methods - St Paul's or Ours? (London: Robert Scoot 1912), (http://www.new foundations international.org/training-resources.heml). စာအုပ်သည်တစ်ခုအပါအဝင်ဖြစ်သည်။ ထိုကဲ့သို့သောဘုရားအသုံးပြုသောသူများရေးသားသောစာအုပ်များသည်ကျွန်ုပ်၏သာသနာလုပ်ငန်းတွင်နှစ်ပေါင်းများစွာလွှမ်းမိုးခဲ့ပါသည်။ David Hesselgrave, "Planting Churches Cross-Culturally, North America and Beyound", Baker Academic, 2000, and Gene Gets, "Sharpening the Focus of the Church", Victor Books, 1984. တစ်ချို့သောသူတို့၏အရေးအသားများနှင့်တူညီသောအချက်များကိုလည်းဖေါ်ပြထားပါသည်။(David Hesselgrave and Gene Getz တို့၏ရေးသွင်းချက်များကိုနောက်ဆုံးအဖုံးတွင်ရေးသွင်းဖေါ်ပြထားပါသည်။) အခြားသောသူတို့၏ရေးသားချက်များကိုအမှတ်တမဲ့အသုံးပြုမိသော်လည်း မူရင်းစာရေးသူထံမှရယူသွားလိုခြင်းဆန္ဒမရှိပါ။ ယင်းအရာများတို့ကြောင့် အကျိုးအမြတ်ရယူလိုခြင်းတစ်စုံတစ်ရာမရှိပါ။

ဤလက်စွဲစာစောင်မှရရှိသောမည်သည့်ငွေကြေးမဆို စာရေးသူ(သို့)တစ်စုံတစ်ယောက်၏ပုဂ္ဂိုလ်ရေး အကျိုးအမြတ်အတွက်အသုံးပြုမည်မဟုတ်ပါ။ ငွေကြေးအားလုံးနှင့်အချို့သောငွေကြေးများကိုဘာသာပြန်ခြင်းများအတွက် ပြင်ဆင်ပြီးသခင်၏ဘုန်းတော်အတွက်သာ အသုံးပြုသွားရန်ဖြစ်ပါသည်။

Tim Bunn

# ဥယျောဉ်

ဤစာအုပ်သည် ပုံမှန်လေ့လာနေသော ကျမ်းစာလေ့လာခြင်းသက်သက်မျှသာ မဟုတ်ပါ။ အခြားသူများနှင့်မတူဘဲ၊ အသက်တာတွင် ပြောင်းလဲမှုကိုစတင်ခြင်းနှင့် နှုတ်ကပတ်တော်တို့ထိရန်ခွင့်ပြုခြင်းကို လိုလားသောမည်သူမဆို ဤလက်စွဲက လမ်းပြပေးပါမည်။

၂၀၀၇ ခုနှစ်တွင် Tim Bunn နှင့်အတူသာသနာပြုခရီးစဉ်တစ်ခုတွင်ပါဝင်ရန်ဖိတ်ကြားခြင်းခံရပါသည်။ ထိုခရီးစဉ်အတွက်တစ်ခုတည်းသောလိုအပ်ချက်မှာ အဖွဲ့လိုက်ခရီးမထွက်ခွါမှီသင်ခန်းစာအားလုံးကိုလုပ်ဆောင်ရန်ဖြစ်သည်။ ညပေါင်း များစွာ ကျွန်ုပ်သည်မေးခွန်းများနှင့်ကိုးကားသောနှုတ်ကပတ်တော်အကြား ချွေးများဖြင့်လုံးထွေးနေသော်လည်း၊ ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်း မျက်ရည်များစီးကျနေပါသည်။ ပျော်ရွှင်ခြင်းဆိုသည်မှာ ဘုရား၏နှုတ်ကပတ်တော်မှသမ္မာတရား အခြေခံနိယာမတို့ကိုလေ့လာသင်ယူခဲ့သောကြောင့်ဖြစ်သည်။ ဝမ်းနည်းခြင်းမှာအစောပိုင်းကာလတွင် အသက်တာ၌လေ့လာခဲ့သော အရာတို့မှာထင်ယောင်ထင်မှားဖြစ်စေပြီး၊ လက်တွေ့ကျင့်သုံးမှု၌လည်း လွဲချော်နေခြင်းတို့ဖြစ်သည်။

ဤစာအုပ်၏ထင်ရှားသောအရာတစ်ခုမှာ ကိုယ်တိုင်ရှာဖွေလေ့လာသောနည်းဖြစ်သည်။ သင်တွေ့ရှိရမည့် သဲလွန်စ တစ်ခုမှာ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် နှုတ်ကပတ်တော်ကိုယ်တိုင် သင့်အားစကားပြောနေခြင်းဖြစ်သည်။ အခြေခံသင်ယူမှု စာအုပ်သည် ကျမ်းစာအုပ်ပင်ဖြစ်သည်။ ဆရာတစ်ဦး၊ သင်းအုပ်တစ်ဦးအဖြစ် ကျွန်တော်ရဲ့တွေ့ကြုံခဲ့သည်မှာ နှုတ်ကပတ်တော်ကိုသာလေ့လာသုံးသပ်ပြီး၊ အသင်းတော်သည်မည်ကဲ့သို့ဖြစ်ကြောင်းကို ဆင်ခြင်သောသူအလွန်နည်းပါးသည်။ နှုတ်ကပတ်တော်တစ်ခုတည်းကိုသာယုံကြည်၍ လိုက်လျှောက်သောသူထက် အကြောင်းအရာတစ်ခုကိုသာ ပုံနှိပ်သော စာအုပ်များကိုသာ အာရုံပြုလာကြသည်။

မကြာခဏကျွန်ုပ်ပြောဆိုသည့်အတိုင်း ဤစာအုပ်သည် သင့်အား**ကြီးမားသောဘုရား၏ပုံရိပ်**ကိုပေးပါလိမ့်မည်။ သမ္မာတရား၏ခေါင်းစဉ်အချို့၏ဆိုလိုရင်းကို နားမလည်ပါက၊ အကြောင်းအရာတစ်ခုလုံးကိုမချိတ်ဆက်နိုင်ပါ။ တမန်တော် ၂၀း၂၇ အရ ကျွန်ုပ်တို့သည် "ဘုရားသခင်၏အလိုတော်ကိုသင့်တို့အား **အကုန်အစင်** ဟောပြောပြသခြင်းအမှုကို ငါသည် မလွှဲမရှောင်ဘဲပြုခဲ့ပြီ။" ဟု သိမြင်ရပါမည်။ တမန်တော်ဝတ္ထုတစ်လျှောက်လေ့လာပါက ကနဦးအသင်းတော်တို့၏ "အဓိက သော့ချက်နိယာမ" ကိုတွေ့ရပါလိမ့်မည်။ ထိုအမြင်မှတစ်ဆင့် သင်သည် ကနဦးအသင်းတော်ရှိခေါင်းဆောင်မှုနှင့် အကျင့်စာရိတ္တ အရည်အချင်းတို့ကိုလေ့လာရပါမည်။ ထိုအကြောင်းအရာကိုလေ့လာပြီးနောက်တွင် ကနဦးအသင်းတော်၏ခေါင်းဆောင်မှုနှင့် အကျင့်စာရိတ္တအရည်အချင်းတို့ကို လေ့လာတွေ့ရှိရပါမည်။ ထိုအရာသည် သမ္မာတရားနှင့်ကိုက်ညီသော ခေါင်းဆောင်မှုကို အကျိုးပြုခြင်းနှင့်တိုးပွားခြင်းကိုရရှိစေပါသည်။ ရှင်ပေါလု၏စာစောင်များကို ရေးထားသည့် ခုနှစ်အတိုင်းလေ့လာရပါမည်။အစောပိုင်းစာစောင်(၆)စောင်သည် စင်ကြယ်သောကျေးဇူးတော်၏ဧဝံဂေလိတရား ဖြစ်ပြီး၊ အလယ်ပိုင်းစာစောင်(၄)ခုသည် တိုက်တွန်းအားပေးခြင်းနှင့် သတင်းကောင်း၌အသင်းတော်များ စည်းလုံးညီညွတ်မှုရှိခြင်း၊ နှောင်းပိုင်းစာစောင်(၃)ခုတွင် ဘုရားသခင်၏အိမ်တော်ကို နားလည်သဘောပေါက်ခြင်းတို့ဖြစ်သည်။

ဤလက်စွဲစာအုပ်တစ်လျှောက်လုံးတွင်၊ သင်ရှာဖွေတွေ့ရှိသောအရာများက သင့်၏ကိုယ်ပိုင်အသက်တာ၊ ထိမ်းမြားခြင်း၊ မိသားစုနှင့် အမှုတော်လုပ်ငန်းတွင် လက်တွေ့အသုံးပြုရန်သင့်အားစိန်ခေါ်နေသည်။ ထိုအရာနှင့်ပတ်သက်၍ ကျမ်းစာက ပြောသောအရာများကို နားလည်သဘောပေါက်သည့်အထိ ပြန်လည်သုံးသပ်ကာ အရေးပါသောအကြောင်းအရာများကို ကျမ်းပိုဒ်ငယ်များနှင့်ခေါင်းစဉ်တစ်ခုစီတွင် လေ့လာရန်ဖြစ်သည်။

ဤလက်စွဲစာအုပ်၏အထွတ်အထိပ်ကို အခန်း(၇)တွင်တွေ့ရှိရမည်ဖြစ်သည်။ အခြေခံနိယာမတို့နှင့်အတူ နည်းဗျူဟာတစ်ခုကိုပုံစံတစ်ခုကို ဘုရား၏နှုတ်ကပတ်တော်မှလေ့လာသင်ယူသူတစ်ဦးသည် မည်သည့်ယဉ်ကျေးမှု၊ ဘယ်အချိန်နှင့် ဘယ်အခြေအနေတွင်မဆို အကောင်အထည်ဖေါ်နိုင်ရန်ဖြစ်သည်။ သင် (သို့) ကျွန်ုပ်သည် **ရပ်တန့်၍မရနိုင်** သောသူများ ဖြစ်လာမည်။

Roland Allen ၏လွှမ်းမိုးမှုနှင့်အမြင်တို့ကို သတိပြုရပါမည်။ "ပြင်ပအကူအညီမပါဘဲ၊ မိမိကိုယ်တိုင်တိုးပွါးနိုင်သော ဝိညာဉ်ရေးရာ အခွင့်အာဏာအားလုံးနှင့်အတူ ကနဦးပြောင်းလဲသောသူတို့တွင် ပြည့်ဝစွာတပ်ဆင်ခြင်းခံရမည်။ အကယ်၍ အသင်းတော်သည် ဒေသခံအသင်းတော်ဖြစ်ပါက၊ ကနဦးမျိုးစေ့ကိုပျိုးလိုက်သည့်အချိန်မှစ၍ မြေဆီလွှာအထဲတွင် ရှင်သန်လာ ခြင်းဖြစ်သည်။"ဟု သူသည်ပြောဆိုခဲ့သည်။ The Spontaneous Expansion of Church and the Causes Which Hinder it (http;//www.newfoundationsinternational.org/training-resources.htm! မှကူးယူနိုင်ပါသည်။)

ဤခရီးသည် သင့်ခရီးစဉ်များထက် ခြားနားသောဝိညာဉ်ရေးရာခရီးစဉ်တစ်ခုဖြစ်ပါလိမ့်မည်။ သင့်နှလုံးသားထဲတွင် ဘုရားသခင်၏ဝိညာဉ်တော်မီး အစဉ်မပြတ်တောက်လောင်စေမည့်ရလဒ်တစ်ခုဖြစ်လာမည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ ကျွန်ုပ်တို့အတူတကွ လုပ်ဆောင်ပါက၊ ကျေးဇူးတော်၏သတင်းကောင်းကို ကမ္ဘာပေါ်ရှိ မကြားဖူးသေးသောလူမျိုးစုတိုင်းဆီသို့ ရောက်ရှိနိုင်ပါလိမ့်မည်။သို့ပြီးမှ အဆုံးသည်ဖြစ်လတ္တံ့။(မ၊ ၂၄း၁၄)

# နိဒါန်း

**အသင်းတော်အတွက် ဘုရားသခင်၏စီမံကိန်းကို မိတ်ဆက်ပေးလိုပါသည်။ ယင်းသည်အသင်းတော်တည်ထောင်ခြင်းနှင့်အသင်းတော်ပြန်လည်သစ်လွင်ခြင်းဆိုင်ရာလက်ဆွဲစာအုပ်နှင့်လေ့ကျင့်ခန်းစာအုပ်ဖြစ်သည်။ ယနေ့အသင်းတော်နှင့်ခေါင်းဆောင်များအတွက်ကိုက်ညီသော အသုံးပြုသည့်ကရိယာဖြစ်သည်ကို ကျွန်ုပ်ယုံကြည်ပါသည်။ အဘယ်ကြောင့်ဆိုသော် . . .**

- **ချထားခြင်း နှုတ်ကပတ်တော်၏ အခွင့်အာဏာရှိခြင်းနှင့်ပြည့်စုံလုံလောက်မှုရှိခြင်း**အတွက် အခြေခံအုတ်မြစ်ကို ချထားခြင်း။
- **ထောက်ပံထားခြင်း သန့်ရှင်းသောဝိညာဉ်တော်၏လန်းဆန်းသောလုပ်ဆောင်မှု** အတွက်အခွင့်အရေးများကို ထောက်ပံထားခြင်း။
- **မြင်နိုင်သော** ပင်တေကုတ္တေမှစ၍**အသင်းတော်အတွက် ဘုရားသခင်၏စီမံကိန်းအခြေခံနည်းဥပဒေသများကို မြင်နိုင်သောအရာများဖြင့်ဖေါ်ပြထားခြင်း။**
- **အကူအညီပေးခြင်း** ရှင်ပေါလုကဲ့သို့ခေါင်းဆောင်များနှင့်အသင်းတော်များသည် **ခရစ်တော်ကိုဗဟိုပြုခြင်းနှင့်ကိုယ်ပိုင်ရပ်တည်နိုင်ရန်အကူအညီပေးခြင်း။**
- **အသုံးပြုခြင်း** နှုတ်ကပတ်တော်မှ**ခေတ်ကာလနှင့်ယဉ်ကျေးမှုများ အထက်သာလွန်ထူးကဲ၍တန်ခိုးပါသောနည်းဥပဒေသများကိုအသုံးပြုခြင်း။**
- **ပေးထားခြင်း** ယနေ့မိသားစုနှင့်အသင်းတော်များကြုံတွေ့ရသောလက်ရှိပြဿနာများကို **သမ္မာတရားနှင့်ဆိုင်သောဖြေရှင်းချက်များကိုပေးထားခြင်း။**
- **သင်ကြားပေးခြင်း ခေါင်းဆောင်မှု၊ အသင်းတော်တည်ထောင်ခြင်းနှင့်ပြန်လည်သစ်လွင်ခြင်းဆိုင်ရာ စံနမူနာတစ်ခုကို သင်ကြားပေးခြင်း။** ယင်းစံနမူနာသည် **"ရပ်တန့်၍မရနိုင်ခြင်း"** ဖြစ်ပြီး၊ ဆင်းရဲနွမ်းပါးခြင်းနှင့်ညှင်းပန်းနှိပ်စက်မှုတို့ကိုအမှန်တကယ်ထိုးဖေါက်နိုင်ခြင်း။

ဤလက်စွဲစာအုပ်သည် သီအိုရီသက်သက်(သို့) အချို့သော အနောက်တိုင်း၊ အရှေ့တိုင်းတို့၏အသစ်သောသွန်သင်ခြင်းလည်းမဟုတ်ပါ။ ယင်းသည် တမန်တော်ဝတ္ထုတွင်ရှိသောအချိန်ကာလ၏စမ်းသပ်မှုကိုခံရပြီး၊ သမိုင်းအရသက်သေထူနေသောစံပြပုံစံဖြစ်ပါသည်။ အသစ်သောနည်းစနစ်(သို့)ဟောင်းသောနည်းစနစ်ကိုတိုးတက်အောင်လုပ်ဆောင်ခြင်းအတွက်ရေးသားထားသောအရာမဟုတ်ပါ။ သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးတော်၊ တမန်တော်များနှင့်ခရစ်တော်၏ပုံစံနမူနာများကိုလိုက်လျှောက်ခြင်းအားဖြင့် ကြီးထွားတိုးတက်နေသောအသင်းတော်တည်ထောင်ခြင်းနှင့်တည်ဆောက်ခြင်းတစ်ခုကို သင့်သည်အောင်မြင်စွာလုပ်ဆောင်နိုင်စေရန်ဖြစ်သည်။ သင့်သည်သခင့်ကိုမျှော်ကြည့်သကဲ့သို့သင့်လွှမ်းမိုးသောပတ်ဝန်းကျင်တွင် ကိုယ်တော်၏ဘုန်းတော်အတွက်အသင်းတော်များကိုတည်ထောင်ခြင်းနှင့်အသင်းတော်များကိုပြန်လည်သစ်လွင်စေခြင်းတို့အတွက်လမ်းပြရန်နှင့်လုပ်ဆောင်နိုင်စွမ်းများ၊ လေ့ကျင့်တပ်ဆင်ခြင်းတို့ကိုပိုမိုရရှိရန်၊ သင့်ကို ချီးမြှောက်ကာ သင်နှင့်တွေ့ဆုံရန်ဆန္ဒရှိသောဘုရားဖြစ်ကြောင်းကို အမှန်တကယ် သင့်အားစိတ်ချမှုကိုပေးပါလိမ့်မည်။

# အခန်း ၁
# ကျွန်ုပ်တို့အတွက်စိန်ခေါ်ချက် သမ္မာကျမ်းစာသို့ ပြန်လှည့်လာခြင်း




(မဿဲ ၂၈း၁၉)တွင်ဖေါ်ပြထားသော “လူမျိုးတကာတို့ကိုတပည့်တော်ဖြစ်စေရန်” ဟူသောအရာကို ကြိုးစားအားထုတ်သောအခါ တမန်တော်ဝတ္ထုတွင်သက်တမ်းနုသာသနာပြုအသင်းတော်၏နည်းဗျူဟာနှင့်ယင်း၏ယုတ္တိဆန်သောအကြောင်းကိုကြည့်လိုက်တိုင်း စဉ်းစားစရာနှင့်စိန်ခေါ်မှုများကိုကျွန်ုပ်ခံစားရပါသည်။ ကနဦးအသင်းတော်သည် ယနေ့ကျွန်ုပ်တို့ကဲ့သို့အရေအတွက်အားကြီးမှုအပေါ်တွင်အားရဝမ်းမြောက်ခြင်းမရှိကြပါ။ ယနေ့ကျွန်ုပ်တို့ခွင့်ပြုသည့်နည်းပညာတိုးတက်မှုအပေါ်တွင်လည်းအားရခြင်းမရှိကြပါ။ အံ့ဩစရာကောင်းသည်မှာ ဤသေးငယ်သောတပည့်တော်စုလေးနှင့်တမန်တော်တို့သည် ကမ္ဘာကြီးကိုအံ့ဩဘွယ်အကျိုးသက်ရောက်မှုကိုလုပ်ဆောင်ခဲ့ပါသည်။ သူတို့၏လျှို့ဝှက်ချက်သည်မည်သည့်အရာဖြစ်မည်နည်း။ သူတို့၏နည်းဗျူဟာမှမည်သည့်အရာကိုကျွန်ုပ်တို့လေ့လာသင်ယူနိုင်မည်နည်း။

(David Zac Niringiye, Uganda, Africa)

**ဆွေးနွေးစရာမေးခွန်းများ။** ကနဦးအသင်းတော်၏အံ့ဩဖွယ်လွှမ်းမိုးနိုင်မှုနှင့် လျင်မြန်စွာပျံ့နှံ့မှုတို့၏ လျှို့ဝှက်ချက်သည် မည်သည့်အရာဖြစ်သည့်ဟု ထင်မြင်ပါသနည်း။

---

---

---

---

---

ကနဦးအသင်းတော်၏နည်းဗျူဟာမှကျွန်ုပ်တို့ မည်သည့်အရာကိုလေ့လာသင်ယူနိုင်မည်နည်း။

---

---

---

---

---

# ရှင်ပေါလု၏သမ္မာကျမ်းပါစံနမူနာကိုမိတ်ဆက်ပေးခြင်း

အောက်တွင်ဖော်ပြထားသောမြေပုံကိုကြည့်ရှု၍၊ ဧဝံဂေလိစကားသည် ယေရုရှလင်မြို့မှရောမမြို့တိုင်အောင် ပျံ့နှံ့ရောက်ရှိရန် နှစ်ပေါင်းမည်မျှကြာမည်နည်း။ _____ ဟုတ်ကဲ့ပါ၊ နှစ်ပေါင်း(၂၅)နှစ်သာကြာပါသည်။ မေးခွန်းမေးပါရစေ၊ ယနေ့ထိုကဲ့သို့အကျိုးသက်ရောက်စေပြီး၊တိုးတက်မှုဖြစ်စေသော အမေရိကနှင့်ကမ္ဘာတွင် သင့်သိသောအသင်းတော်တစ်ပါး ပါးရှိပါသလား။

**နောက်ဆက်တွဲခေါင်းစဉ်(စာ-၁၈၄-၁၈၅)**ရှိမြေပုံကိုကြည့်၍၊ ရှင်ပေါလုသည်အေဒီ၄၇တွင်အန္တိအုတ်မှစတင် သော သာသနာပြုခရီးစဉ်(၃)ခုစလုံးအားပြီးဆုံးအောင်နှစ်ပေါင်းမည်မျှကြာမည်နည်း။ _____ အံ့သြဖွယ်ဖြစ်ပါသည်။ ဆက်ပြီး **နောက်ဆက်တွဲခေါင်းစဉ်(စာ-၁၈၄-၁၈၅)** ရှိမြေပုံတစ်ခုစီ၏အောက်ကိုကြည့်ပါ။ ရှင်ပေါလုသည် ထိုသာသနာ ပြုခရီးစဉ်(၃)ခုအတွက်မိုင်ပေါင်း(သို့)ကီလိုမီတာပေါင်းမည်မျှသွားခဲ့သနည်း။ _____ ဟုတ်ကဲ့ပါ၊ မိုင်ပေါင်း (၈၀၀၀) သို့မဟုတ် ကီလိုမီတာပေါင်း(၁၂၀၀၀)ရှိပါသည်။ ယနေ့ထိုကဲ့သို့တိုးတက်အောင်မြင်အောင်လုပ်ဆောင်နေသောသူ တစ်စုံ တစ်ဦးကိုသိပါသလား။ _______________ ဆိုင်ကယ်များ၊ကားများ၊လေယာဉ်ပျံများနှင့်လျှပ်စစ်ပစ္စည်းများ ရှင်ပေါလု တွင်မရှိပါ။ ထို့ကြောင့်အသင်းတော်များကြီးထွားခြင်းနှင့်ကျယ်ပြန့်ခြင်းအတွက်တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်သောတမန်တော်ရှင်ပေါလုနှင့်ကနဦးအသင်းတော်ထက် ပို၍ကောင်းသောနမူနာပုံစံကိုတွေ့ရှိရန် ခက်ခဲပါ လိမ့်မည်။




**ယေရှုရှလင်မြို့မှရောမမြို့တိုင်အောင် ကီလိုမီတာ (၅၀၀၀) သို့မဟုတ် မိုင်ပေါင်း (၃၀၀၀)**

နှစ်ပေါင်း(၁၀)နှစ်အတွင်း၊ ရှင်ပေါလုသည်အသင်းတော်ကို ပြည်နယ်(၄)တွင်တည်ထောင်ခဲ့ပါသည်။ ယင်းတို့မှာ ဂလာတိပြည်၊မာကေဒေါနိပြည်၊အာခါယပြည်၊အာရှိပြည်တို့ဖြစ်ပါသည်။ အေဒီ(၄၇)မတိုင်မီ ဤပြည်နယ်များတွင် အသင်းတော်တစ်ပါးမှမရှိပါ။ သို့သော်အေဒီ(၅၇)နောက်ပိုင်းတွင်အလုပ်ပြီးစီးခဲ့ကြောင်းကို ရှင်ပေါလုသည် ပြောဆို နိုင်ခဲ့သည်။(ရောမ၊ ၁၅း၁၉-၂၀)

ယနေ့ အသင်းတော်တည်ထောင်သူများ၊ ဧဝံဂေလိဆရာများနှင့်တမန်တော်တို့သည် ရှင်ပေါလုထက် ပို၍များ ပြားသော ပြောင်းလဲလာသူများကိုရရှိကြသော်လည်း၊ ရှင်ပေါလုကဲ့သို့ ကြီးထွားသောအသင်းတော်များ၊ ထပ်ဆင့်မွေးဖွါး ထုတ်လုပ်သောအသင်းတော်များကိုတည်ဆောက်ခဲ့သည်မှာ အနည်းငယ်မျှသာတွေ့ရပါသည်။ တမန်တော်များနှင့်အသင်း တော်တည်ထောင်သောသူအများစုတို့သည် သမ္မာကျမ်းပါစီမကိန်းနှင့်နည်းဗျူဟာများမရှိဘဲ တစ်နေရာမှတစ်နေရာသို့ သွားလာနေကြပါသည်။

သို့သော်အချို့က "ပေါလုခေတ်နှင့်မတူတော့ဘူး" လို့ဆိုလိမ့်မည်။ "ပေါလု၏ခေတ်ကာလအခြေအနေသည် သူ၏အောင်မြင်မှုကိုအထောက်အကူဖြစ်စေသလား"ဟုမေးမြန်းရမည်။ ရိုးသားစွာပြောရမည်ဆိုလျှင် ယနေ့ကမ္ဘာကြီးတွင် ကျွန်ုပ်တို့ကြုံရသည့်တူညီသောပတ်ဝန်းကျင်နည်းတူ ရှင်ပေါလုကြောင့်ပြောင်းလဲသောသူများလည်းတွေ့ကြုံ၍ကြီးလာ ရခြင်းဖြစ်ကြောင်းတစ်စုံတစ်ယောက်ကပြောပါလိမ့်မည်။ ရှင်ပေါလု၏အချိန်တွင်လူသားများကိုယဇ်ကောင်အဖြစ်ပူဇော်ခြင်း၊ စုန်းကဝေနှင့်နတ်ဆိုးတို့အားယုံကြည်မှုကိုလည်းအားလုံးလက်ခံကြသည်။ပြောင်းလဲ၍မရသောခရစ်တော်၏ဝိညာဉ်တော် သည်သာလျှင် ထိုနတ်ဆိုးတို့ကိုသူတို့၏နှလုံးသားမှထုတ်ယူဖယ်ရှားရန်တတ်နိုင်သည်။ လွတ်မြောက်ခြင်းသည်ငြင်းပယ်ခြင်း အားဖြင့်မဟုတ်ဘဲ၊ သန့်ရှင်းသောဝိညာဉ်တော်တန်ခိုး၌အကြီးမြတ်ဆုံးသောခရစ်တော်၏အကြောင်းကိုဟောပြောခြင်းဖြင့် သာအောင်မြင်မှုရရှိပါမည်။ ထို့ကြောင့်ယနေ့ကျွန်ုပ်တို့ခေတ်ထက် ပေါလုခေတ်သည်တိုးတက်ခြင်း(သို့)တိုးတက်မှုမရှိခြင်း စသည့်အချက်ကိုငြင်းခုန်ခြင်းသည်မဖြစ်နိုင်ပါ။ အကယ်၍တိုးတက်မှုမရှိပါက၊ကျွန်ုပ်တို့၏နည်းစနစ်ကြောင့်သာဖြစ်နိုင်သည်။

**ရှင်ပေါလု၏အသင်းတော်တည်ထောင်ခြင်းနည်းဗျူဟာကိုမိတ်ဆက်ပေးရလျှင် အကြမ်းအားဖြင့်သော့ချက်(၄) ခုရှိပြီး၊ ယင်းသည်ယနေ့ကျွန်ုပ်တို့၏အသင်းတော်တည်ဆောက်ခြင်းနည်းစနစ်များနှင့်ဆက်စပ်နေပါသည်။**

## ဧဝံဂေလိလုပ်ဆောင်ခြင်း

ရှင်ပေါလု၏ဧဝံဂေလိလုပ်ငန်းတွင်စင်ကြယ်သောသတင်းကောင်းဝေငှခြင်းလည်းပါဝင်သည်။ "ယေရှုခရစ်နှင့်သူ၏ အသေခံတော်မူခြင်း" (၁ကော၊ ၂း၂)၊ "ယုံကြည်သောသူအပေါင်းတို့ကိုကယ်တင်စေသော ဘုရားသခင်၏တန်ခိုးတော်" (ရောမ၊ ၁း၁၆)၊ ရှင်ပေါလု၏အဓိကရည်ရွယ်ချက်မှာ ကားတိုင်နှင့်ဒွန်တွဲလျှက်နောင်တရခြင်းနှင့်ယုံကြည်ခြင်းဖြစ်သည်။ အတွေးအခေါ်(သို့)စိတ်ပညာ(သို့)ယဉ်ကျေးမှုကိုက်ညီသော(သို့)ယဉ်ကျေးမှုကိုသည်းခံ၍ကြိုးစားအားထုတ်သည့် အစီအစဉ်များကြောင့်မဟုတ်ပါ။ သူ၏ဟောပြောမှုတွင်မျှော်လင့်ခြင်းများပျံ့နှံ့စေခဲ့သည်။(တ၊ ၂၆း၂၇) သူ၏ဒေသနာသည် ခိုင်မာစွာရပ်တည်နေသည်။ အကယ်၍လူတို့သည်ယေရှုကဲ့သို့သူကိုငြင်းပယ်ပါက(လု၊ ၉း၅)၊ သူ၏ခြေဖဝါးမှမြေမှုန့်ကိုခါ၍ ဘုရားသခင်ပြင်ဆင်ခြင်းဖြင့်လက်ခံရန်အသင့်ဖြစ်နေသောနှလုံးသားများကိုရှာရန်ထွက်ခွာသွားပါသည်။(တ၊ ၁၃း၅၁) ဘုရားသခင်ပြင်ဆင်ပေးမှုမရှိသောနေရာတွင်သတင်းကောင်းကိုဝေငှနေပါက၊ လူတိုကို့အသိပေးရုံသက်သက်သာရှိပါမည်။

ရှင်ပေါလု၏ဧဝံဂေလိလုပ်ဆောင်နည်းအခြားတစ်မျိုးမှာ သူကိုယ်တိုင်ဒေသတစ်ခုတွင်လူတိုင်းကိုဧဝံဂေလိဝေငှ လုပ်ဆောင်ခြင်းမပြုပါ။ ယနေ့ကျွန်ုပ်တို့သည် တစ်ဦးချင်းသော်၎င်း၊ အဖွဲ့လိုက်သော်၎င်း၊ ထိုဒေသတစ်ခုထဲ၌ တစ်ဦးချင်း စီအား ဧဝံဂေလိသတင်းစကားပြောကြားရန်စေလွှတ်တက်ကြသည်။ ရှင်ပေါလု၏အသင်းတော်များအစပြုခြင်းနည်းဗျူဟာ ကိုအသုံးပြုရန်မေ့လျှော့တက်ကြသည်။ ယင်းနည်းဗျူဟာသည် သတင်းကောင်းကိုပျံ့နှံ့စေသောစွမ်းအားရှိသည်။ တစ်ဦး ချင်းသော်၎င်း၊အဖွဲ့လိုက်သော်၎င်းလုပ်ဆောင်နိုင်မှုအားဖြင့်သာကန့်သတ်တတ်ကြသည်။ ရှင်ပေါလု၏ရည်မှန်းချက် ပန်းတိုင်မှာ ထပ်ဆင့်မွေးဖွားတည်ဆောက်သောအသင်းတော်များဖြင့် နည်းဗျူဟာကျသောဒေသများတွင် ခရစ်တော်၏ အသက်တာကိုဝေငှရန်ဖြစ်သည်။(တ၊ ၁၁း၂၆) ယနေ့တွင်ထိုကဲ့သို့အသင်းတော်များတည်ရှိနေပါသည်။ ထိုအသင်းတော် များကို ကျွန်ုပ်တို့၏ဧဝံဂေလိနည်းဗျူဟာများအသုံးပြုနေပါသလား။ သတင်းကောင်းသည် နေရာတိုင်းသို့ပျံ့နှံ့ဘို့ရန် ပညာရေး နှင့်စီပွားရေးအချက်အချာကျသောဒေသများတွင် ထိုအသင်းတော်များနေရာယူထားရပါမည်။(၁သက်၊ ၁း၆-၈)

## တည်ဆောက်ခြင်း

ရှင်ပေါလု၏နည်းဗျူဟာဒုတိယအချက်မှာတည်ဆောက်ခြင်းဖြစ်သည်။ ကိုယ်တိုင်ရပ်တည်နိုင်စွမ်းရှိသော ဒေသခံ အသင်းတော်များကို ရှင်ပေါလုတည်ဆောက်ခဲ့ပါသည်။ ပြင်ပထောက်ပံ့မှုကိုရှာဖွေမည့်အစား၊ ဘုရားကိုအမှီပြု၍အချင်းချင်း ရက်ရောစွာပေးလှူခြင်းသာမက၊ အခြားသောအသင်းတော်ကိုပေးလှူတတ်ရန်သင်ယူရပါမည်။(၂ကော၊ ၈း၁-၁၅) ရှင်ပေါလု၏ပုံသက်သေဖြစ်သောမိမိလက်ဖြင့်လုပ်၍ကိုယ့်ကိုကိုယ်ထောက်ပံ့သောအရာသည် ကိုယ်တိုင်ရပ်တည်နိုင်ခြင်းကို အသင်းတော်များလျှင်မြန်စွာသင်ယူနိုင်မည့်အကြောင်းတစ်ရပ်ဖြစ်ပါသည်။ သာသနာလုပ်ငန်းမှငွေကြေးနှင့်ပတ်သက်သော စိတ်ထား(သို့)ငွေကြေးအကျိုးဖြစ်ပေါ်စေမည့်အရိပ်အရောင်များကို ပေါလုသည်အထူးဂရုစိုက်ကာရှောင်ရှားလေ့ရှိပါသည်။

ယနေ့ အသင်းတော်များနှင့်သာသနာပြုအဖွဲ့အစည်းတို့သည် အသက်ရှင်သောခရစ်တော်၏ကိုယ်ခန္ဓာကိုယ်အစား ငွေကြေးဆိုင်ရာအဖွဲ့အစည်းများဖြစ်လာပါသည်။ ယင်းအဖွဲ့အစည်းများသည် အသင်းတော်များတည်ထောင်နိုင်ခြင်းမရှိ၊ သာသနာလုပ်ငန်းပို၍မတိုးချဲ့နိုင်ခြင်း၊ သင်တန်းကျောင်းများငွေကြေးထောက်ပံ့မှုမရှိဘဲရပ်တည်နိုင်မှုမရှိခြင်း၊ စသည့်တို့ကို ကျွန်ုပ်တို့မကြာခဏကြားနေရပါသည်။ အဘယ်ကြောင့်ဆိုသော်သခင်ဘုရားထက်ငွေကြေးအပေါ်မှီခိုခြင်းကို သင်ယူခဲ့မိသောကြောင့်ဖြစ်သည်။

သခင်ဘုရားနှင့်ဝိညာဉ်တော်ထက် ငွေကြေးအပေါ်အားကိုးမှုတစ်ခုကိုသာသင်ယူမိသောပြောင်းလဲသူတို့သည် အကျိုးဆက်အဖြစ်မှီခိုတက်သောပြောင်းလဲသူများအဖြစ် ဘာသာရေးစနစ်တခုကိုအဆင့်နိမ့်စွာဖြစ်ပေါ် စေပါသည်။

ထုံးစံအားဖြင့် ခိုင်ခံသောအသင်းတော်သည်ကိုယ်ပိုင်မြေ၊ထောင်မတ်နေသောအဆောက်အဦး(သို့)ထောက်ပံ့သော ငွေကြေးစသည့်အတွေးများရှိကြသည်။ ခန့်ငြားသောအဆောက်အဦး၊စိတ်ချရသောထောက်ပံ့မှုရှိသောအခါ အသင်းတော်သည်ဘုရား၏အသိအမှတ်ပြုခံရကြောင်းဖြင့်အတွေးလွန်သွားတတ်သည်။ အမှန်မှာအဆောက်အဦးနှင့်ငွေကြေးတို့သည် ဝိညာဉ်အသီးသီးနိုင်ရန်တန်ခိုးမရှိပါ။ အမှန်စင်စစ် ယင်းတို့သည်ဝိညာဉ်ရေးရလာဒ်များကိုဟန်တားစေသည်။

## လေ့ကျင့်တပ်ဆင်ပေးခြင်း

ရှင်ပေါလု၏နည်းဗျူဟာဒုတိယအချက်မှာလေ့ကျင့်တပ်ဆင်ပေးခြင်းဖြစ်သည်။ ပုံမှန်အားဖြင့် ရှင်ပေါလုသည်နေရာတစ်ခုတွင်လပိုင်းမျှတရားဟောပြီး၊ ကြီးထွားခြင်းနှင့်ကျယ်ပြန့်ခြင်းအရည်အချင်းရှိသော ဒေသခံအသင်းတော်တစ်ပါးအဖြစ်ထားရစ်ခဲ့သည်။ ထားရစ်ခဲ့သော၊အချို့အသင်းတော်တွင်သာသနာအတွက်သန့်ရှင်းသူများကိုလေ့ကျင့်ပေးရန် အသင်းတော်ခေါင်းဆောင်များကိုခန့်အပ်ခဲ့သည်။ ယင်းတွင်ကြီးမားသောစွန့်စားမှုများပါဝင်သော်လည်း၊ ယင်းစွန့်စားမှုကိုရှောင်ဖယ်၍မသွားအောင်ဝိညာဉ်တော်နှင့်ခရစ်တော်၌ယုံကြည်ခဲ့သည်။ အထူးသဖြင့်ရှင်ပေါလုသည်အတောင်ပေါက်စ အသင်းတော်နှင့်အသင်းတော်ခေါင်းဆောင်များကိုရိုးရှင်းသောသတင်းကောင်းဝေငှခြင်းစနစ်၊ ကြည့်ရှုစောင့်ရှောက်မှု (သို့)သိုးထိန်းကဲ့သို့ဆုံးဖြတ်ချက်များချရန်နှင့်အသင်းတော်၏မင်္ဂလာ(၂)ပါးဖြစ်သောရေနှစ်ခြင်းမင်္ဂလာနှင့်သခင်ဘုရား၏ပွဲတော်မင်္ဂလာ(နောက်ဆက်တွဲတွင်ကြည့်ရန်)တို့နှင့်အတူထားရစ်ခဲ့သည်။ ယင်းတို့ကိုထားရစ်ခဲ့သောအချိန်တွင်ဝတ်ပြုခြင်း(သို့)စည်းဝေးခြင်း များအတွက်တိကျသောစံနှုန်း(သို့)ပုံစံများမရှိပါ။

ရှင်ပေါလုသည်အများအားဖြင့်စာမတတ်သောလူများအား ဓမ္မဟောင်းကိုအသုံးပြုကာသွန်သင်ခဲ့သောကြောင့်ကနဦးတမန်တော်တို့သည်မျက်စိနှင့်နားဖြင့်ကြားသိခဲ့သည်။ ရိုးရှင်းတိုတောင်းသောသူ၏ဧဝံဂေလိသင်ကြားမှုသည်တန်ခိုးကိုသက်ရောက်စေသည်။သူထွက်ခွါပြီးနောက်အသင်းတော်သည် ဦးဆောင်မှုနှင့်ကြီးထွားခြင်းအတွက်လိုအပ်မှုရှိနေသော်လည်း၊ အသင်းတော်သည်ကိုယ်ပိုင်စဉ်းစားဆုံးဖြတ်၊ပြောဆိုရန်နှင့်အစေခံရန်တွန်းအားပေးခံရသည်။ သင်းထောက်များကိုအခြေခံကိုယ်ကျင့်တရားနှင့်သာသနာအတွက် သန့်ရှင်းသူများကိုသွန်သင်ပေးနိုင်ရန်ညွှန်ကြားချက်များ ထားရစ်ခဲ့သည်။

မကြာခဏ၊ ယနေ့အသင်းတော်များသည်တည်ထောင်သူ(သို့)အစေခံသူသင်းအုပ်အပေါ်သာမန်ထက်ပို၍မှီခိုလျှက်ရှိသည်။ တစ်ခါတစ်ရံပြောင်းလဲသူများသည် သင်းအုပ်(သို့)တမန်တော်နှင့်သူတို့နေရာဆက်ခံမည့်မျိုးစဉ်ဆက်များအပေါ်အားကိုးယုံကြည်မှုကိုထားရှိတတ်ပါသည်။ ရှင်ပေါလုသည်အသင်းတော်ကိုအချိန်ကာလတစ်ခုထားရစ်ခဲ့ခြင်းသည်အသင်းတော်ခေါင်းဆောင်များသူတို့၏တာဝန်နှင့်ဝတ္တရားများကိုကောင်းမွန်စွာဆောင်ရွက်နိုင်ရန်အခွင့်ထူးပေးခြင်းဖြစ်သည်။ ထိုအပြင်ရှင်ပေါလုကိုမှီခိုခြင်းမပြုရန်အတွက်ခေါင်းဆောင်များကိုသတိပြုမိရန် တွန်းအားပေးခြင်းလည်းဖြစ်သည်။

ယနေ့ ဝိညာဉ်တော်ဆုကျေးဇူးများကိုအသုံးပြုရန် ယုံကြည်သူများကိုသွန်သင်ပေးခြင်းမရှိတော့ပေ။ သတ်မှတ်သောအရည်အချင်းအပေါ်အလွန်ပင်မှီခိုခြင်းအားဖြင့် ထူးချွန်သည့်ခေါင်းဆောင်များအပေါ်အာရုံစိုက်လာကြသည်။ အချိန်တိုင်းမှာယင်းလောကီပညာအဆင့်အတန်းသည်သာသနာနှင့်ခေါင်းဆောင်မှုအတွက်မရှိမဖြစ်လိုအပ်သောအရာဖြစ်လာကြသည်။

အသင်းတော်သစ်သည် မိမိကိုယ်ပိုင်အရင်းအမြစ်ပေါ်တွင်မှီခိုပြီး၊အထူးသဖြင့်ဘုရားအပေါ်၌သာရပ်တည်ရမည်။ အကယ်၍ရှင်ပေါလုကဲ့သို့ယနေ့သာသနာပြုသူတစ်ဦးဦးကအသင်းတော်တည်ထောင်ပါက၊ သူ၏နည်းစနစ်သည် မျှော်လင့်ချက်ကင်းမဲ့ပြီး၊ ဆင်ခြင်ကင်းမဲ့သောအရာဖြစ်သည်ဟုပြောဆိုလာနိုင်သည်။ သို့သော်ရှင်းလင်းစွာတည်ရှိနေသောအချက်မှာကမ္ဘာကသိသောလူများထက် ရှင်ပေါလုသည်အသင်းတော်များကိုတည်ထောင်ခြင်းတွင်အထူး အောင်မြင်သောသူဖြစ်သည်။

## ကျယ်ပြန့်ခြင်း

ရှင်ပေါလု၏နောက်ဆုံးကျယ်ပြန့်ခြင်းနည်းဗျူဟာသည် ဝိညာဉ်တော်ဦးဆောင်မှု၏ရလဒ်အဖြစ်ထွက်ပေါ်လာသည်။ (တ၊ ၁၃း၁-၄) ပင်တေကုတ္တေနေ့တွင်ဝိညာဉ်တော်ဆင်းသက်သောအခါ၊ ယေရုရှလင်မြို့မှကမ္ဘာတစ်ဝှမ်းသို့ သတင်းကောင်းမည်သို့ရောက်ရှိသွားသည့်ကိုစူးစမ်းလေ့လာပါကစိတ်ဝင်စားဖွယ်ကောင်းသည်။ ထိုပြောင်းလဲသူများသည် သဘာဝ(သို့) "သဘာဝလွန်ကြောင့်"လည်းပြောဆိုနိုင်ပြီး၊ထိုသူတို့သည်ဧဝံဂေလိဝေငှသူများဖြစ်လာသည်။ အဘယ့်ကြောင့်နည်း။ အကြောင်းမှုကား၊လူတစ်ဦးသည်ဝိညာဉ်တော်ကိုလက်ခံသောအချိန်တွင် တမန်တော်ဝတ္ထုထဲတွင်တွေ့ရသည့်အတိုင်း ယေရှုကိုသိကျွမ်းခြင်းတည်းဟူသောကယ်တင်ခြင်းဆီသို့အခြားသူတို့ကိုခေါ်ဆောင်လာရန် စတင်ရှာဖွေနေသောကြောင့်ဖြစ်သည်။ သမိုင်းအရ၊ ကြီးမားသောနိုးထမှုတိုင်းတွင် မြက်ခြောက်ပင်ဖြစ်ပါစေကြီးမားသောနိုးကြားမှုဖြစ်ပေါ်စေသည်။

ဝေးလ်(စ်)နှင့်တောင်ကိုရီးယားနိုင်ငံတို့သည် မဟာစေခိုင်းချက်နှင့်ပတ်သက်၍ဧဝံဂေလိလုပ်ဆောင်ခြင်းနှင့်နာခံခြင်းတို့၏ရလဒ်များပင်ဖြစ်သည်။ ဤအရာသည်အံ့သြစရာမဟုတ်ပါ။ ကျွန်ုပ်တို့ရရှိသောဝိညာဉ်သည် သာသနာပြုဝိညာဉ်ဖြစ်ပြီး၊ ယေရှု၏ဝိညာဉ်လည်းဖြစ်ကာ၊ လောကသို့ကြွလာ၍ပျောက်ဆုံးသောဝိညာဉ်ကို ခမည်းတော်ဘုရားထံပို့ဆောင်ပေးသောသူလည်းဖြစ်သည်။ ဂလာတိပြည်တွင် အသင်းတော်များယုံကြည်ခြင်းနှင့်ခိုင်ခန့်ခြင်းရှိလာပြီးအရေအတွက် မည်ကဲ့သို့တိုးပွားလာခြင်းနှင့်ဇဖက်မြို့မှအိမ်နီးချင်းတိုင်းပြည်များသို့ မည်ကဲ့သို့သတင်းကောင်းပျံ့နှံ့သွားသည်ကို တမန်တော်ဝတ္ထုထဲတွင် ကျွန်ုပ်တို့လေ့လာနိုင်ပါသည်။(၁သက်၊ ၁း၅-၉)

သူတို့ကိုယ်တိုင်လိုလားစွာအပ်နှံလိုသောခရစ်တော်၏ဝိညာဉ်သည်အရေးပါကြောင်းကိုသိရှိနားလည်သဘောပေါက်ရန် ရှင်ပေါလုသည် ထိုယုံကြည်သူလူသစ်များကိုဦးဆောင်ခဲ့ပါသည်။ ခရစ်တော်၏စိတ်တော်နှင့်ကိုက်ညီသောအရာဖြစ်သည့်ဥပမာတစ်ခုကို ရှင်ပေါလုသည် ထိုသူတို့အတွက်ချမှတ်ပေးခဲ့ပါသည်။ ရှင်ပေါလုသည်အသင်းတော်ကျယ်ပြန့်စေရန်လှုံ့ဆော်ပေးသောစိတ်ထားပြင်းပြမှုနှင့်ခရစ်တော်၏ဝိညာဉ်ကျိန်းဝပ်ခြင်းသည်သူ၏တန်ခိုးတော်၌ရှိကြောင်းကိုထိုသူတို့အားသွေးဆောင်တော်မူ၏။ အသင်းတော်၏အခြေခံအုတ်မြစ်ခိုင်မာစွာချထားခြင်းမရှိပါက၊ ဧဝံဂေလိစိတ်ဓါတ်တို့သည်ငြိမ်းသွားနိုင်ပြီး၊ အသင်းတော်များထိုင်မှိုင်းသွားလိမ့်မည်။ ရှင်ပေါလု၏စံနမူနာနှင့်သင်တန်း၏နည်းစနစ်တို့၏သက်သေဖြစ်ကြောင်း အခြားသောနှိုင်းယှဉ်စရာအကြောင်းပြချက်တစ်ခုဖြစ်သည်။ ငါသည်ခရစ်တော်နည်းတူကျင့်သကဲ့သို့ သင်တို့သည်လည်းငါနည်းတူကျင့်ကြလော့။ (၁ကော၊ ၁၁း၁)

**ယနေ့အသင်းတော်များ** တမန်တော်ဝတ္ထုရှိကနဦးအသင်းတော်များနှင့်နှိုင်းယှဉ်ပါက၊ နေရာတော်တော်များများတွင်အားနည်းပြီးရပ်တန့်နေသည်။ အောက်တွင်အနှောင့်အယှက်ပေးသောရောဂါလက္ခဏာ(၃)ခုကို ယနေ့အသင်းတော်များနှင့်သာသနာလုပ်ငန်းများတွင်တွေ့ရသည်။ ပထမဦးဆုံးထိုရောဂါလက္ခဏာများကို လေ့လာသုံးသပ်ပြီး၊ တစ်ခုချင်းကိုစာ-၂၁ တွင် ထိုပြဿနာအတွက်ဖြေရှင်းချက်ကိုရှာဖွေတွေ့ရှိနိုင်သည်။

၁။ ကနဦးအသင်းတော်များကဲ့သို့မဟုတ်ဘဲ၊ ပတ်ဝန်းကျင်နှင့်အခြားဒေသများကို အနည်းငယ်လွှမ်းမိုးမှုသာရှိကြောင်းတွေ့ရပါသည်။ (တ၊ ၁၇း၆) အသင်းတော်အများစုသည် ဆပွားတိုးပွားခြင်းမရှိတော့ဘဲ၊ တပည့်တော်များသည်လည်းတိုးပွားလာခြင်းမရှိပါ။ ကနဦးအသင်းတော်များကဲ့သို့ သခင်၏နှုတ်ကပတ်တော်သည်လည်းပျံ့နှံ့မှုမရှိပါ။(တ၊ ၆း၇) စာမျက်နှာ(၁၆)တွင်ရှိသောမြေပုံကိုပြန်ကြည့်၍ ရက်စွဲနှင့်ဒွန်တွဲ၍သတင်းကောင်းပျံ့နှံ့မှု၏တိုးတက်မှုပြမြေပုံကို လေ့လာသုံးသပ်ပါ။

၂။ ကျွန်ုပ်တို့သည် စစ်မှန်သောဒေသခံအသင်းတော်များကိုအောင်မြင်စွာတည်ဆောက်ခြင်းမပြုနိုင်ကြသေးပါ။ အနောက်နိုင်ငံများမှအပကျန်ရှိသောနိုင်ငံအများစုတို့သည် ခရစ်ယာန်ယုံကြည်မှုကိုနိုင်ငံခြားဘာသာ(သို့)အနောက်နိုင်ငံများဘာသာအဖြစ်သာရှုမြင်ကြသည်။ အောက်ပါပုံဖေါ်ချက်က ထိုပြဿနာကိုရှင်းပြဘို့ကူညီပေးပါလိမ့်မည်။ ဥပမာအားဖြင့်၊ ကနဦးဂျူးအသင်းတော်များသည် တစ်ပါးအမျိုးသားတို့အားဂျူးထုံးတမ်းအစဉ်အလာများမှတဆင့်နိုင်ငံတော်သို့ဝင်ရောက်စေလိုပါသည်။ ယနေ့အနောက်နိုင်ငံအသင်းတော်များတွင်၊ အချို့သောသာသနာပြုဆရာတို့သည် ယုံကြည်သူလူသစ်များကိုသတိမပြုမိဘဲ၊စွဲမက်စေကာ အနောက်နိုင်ငံများထုံးတမ်းအစဉ်အလာမှတဆင့် နိုင်ငံတော်(သို့) အသင်းတော်သို့ဝင်ရောက်စေလိုကြသည်။ (နောက်ဆက်တွဲရှိ **ရှင်းလင်းဖေါ်ပြချက်**ကိုကြည့်ပါ။)



**ရှင်းလင်းဖော်ပြချက်** ကနဦးအသင်းတော်၌ ဂျူးအသင်းတော်များသည်တစ်ပါးအမျိုးသားတို့အား ဂျူးထုံးတမ်းအစဉ်အလာများမှတဆင့်(အရေဖျားလှီးခြင်း)နိုင်ငံတော်သို့ဝင်ရန် ရှင်ပေါလုကပြင်းထန်စွာဆန့်ကျင်ခဲ့သည်။ ကျေးဇူးတော်၏သတင်းကောင်းမှတစ်စုံတစ်ရာထည့်သွင်းခြင်း(သို့)ဆွဲထုတ်ခြင်းသည်မှားယွင်းသောယုံကြည်မှုဖြစ်သည်။ လူတစ်ဦးတစ်ယောက်နိုင်ငံတော်သို့ဝင်ရောက်နိုင်ရန် ယေရှုခရစ်၌ "ယုံကြည်ခြင်းတစ်ခုတည်းသာ" ဖြစ်ကြောင်း ရှင်ပေါလုကသွန်သင်ခဲ့သည်။ နှစ်ပေါင်း(၂၀)မှ(၃၀)အတွင်း သတင်းကောင်း၏မျိုးစေ့ကိုယုဒအစဉ်အလာမှတစ်ပါအမျိုးသားတို့၏အစဉ်အလာသို့ ရှင်ပေါလုသည် ကျေးဇူးတော်၌သာခိုင်မာစွာရပ်တည်လျှက်ရွှေ့လျားလုပ်ဆောင်ခဲ့ပါသည်။(ဂ၊ ၁း၆-၉) ယနေ့အချို့နိုင်ငံများတွင် နှစ်ပေါင်းရာချီ၍သတင်းကောင်းရောက်ရှိပြီးဖြစ်သော်လည်း၊ယခုတိုင်ဒေသခံအသင်းတော်မဖြစ်နိုင်သေးပေ။

ထိုကြောင့် စင်ကြယ်သောသတင်းကောင်းတွင် ရှင်ပေါလု၏ခိုင်မာစွာရပ်တည်ခြင်းအကျိုးရလဒ်မှာ ဂျူးလူမျိုးတို့၏ယေရုရှလင်မြို့မှတစ်ပါးအမျိုးသားကမ္ဘာသို့သတင်းကောင်းလျင်မြန်စွာကျယ်ပြန့်သွားပါသည်။ စာမျက်နှာ(၁၆) ရှိမြေပုံကိုကြည့်၍ရက်စွဲများကိုလေ့လာပါ။ ယနေ့ခေတ်သာသနာပြုများသည် သတိမမူမိ၍သော်၎င်းသတိပြုမိ၍သော်၎င်း၊ ပြောဆိုမိခြင်း(သို့)တွန်းအားပေးခြင်းကြောင့် ယုံကြည်သူလူသစ်များသည် အသင်းတော်တစ်ပါးဖြစ်လာသောအခါ အနောက်တိုင်းအသင်းတော်ပုံစံကဲ့သို့ပေါ်ပေါက်လာပါသည်။ ဘုရားသခင်သည် ယနေ့ခေတ်သာသနာပြုများကို အသုံးပြုနေသော်လည်း အနောက်တိုင်းယဉ်ကျေးမှုနှင့် နည်းစနစ်များတို့သည် အထူးသဖြင့်တတိယကမ္ဘာရှိလူမျိုးစုကြားတွင် ဒေသခံအသင်းတော်များကျယ်ပြန့်ခြင်းအတွက် ကြီးမားစွာတားဆီးနေပါသည်။

၃။ တတိယကမ္ဘာရှိသာသနာလုပ်ငန်းများနှင့် အသင်းတော်များသည် ကိုယ်ပိုင်ရပ်တည်နိုင်ခြင်းမရှိကြပါ။ အများစုမှာသူတို့၏ ကိုယ်ပိုင်လိုအပ်ချက်များကိုဖြည်းဆည်းပေးနိုင်ခြင်းမရှိဘဲ၊ ငွေကြေးနှင့်အရင်းအမြစ်များကို ပြင်ပမှဆက်လက်တောင်းဆိုနေဆဲဖြစ်သည်။ နိုင်ငံခြားထောက်ပံမှုမရှိပါက သူတို့၏အသင်းတော်(သို့)သာသနာသည်ရပ်တည်နိုင်မှုမရှိခြင်းသည် သမ္မာကျမ်းနှင့်ကိုက်ညီမှုအပြင်ယုတ္တိမရှိသောအရာဖြစ်ပါသည်။ အောက်ဖော်ပြပါပုံသည် အမေရိကနှင့်အာရှတို့အတွက်အသုံးပြုသောဥပမာ ဖြစ်ပြီး၊ ငွေကြေးအပေါ်မှီခိုနေခြင်းကိုဖော်ပြထားသည်။ နောက်ဆက်တွဲကဏ္ဍတွင်လေ့လာရန် ကျွန်ုပ်တို့အထူးတိုက်တွန်းလိုပါသည်။ **ပေးကမ်းခြင်းနှင့်အရေးပါသောငွေကြေးအချက်အလက်များ** (စာ၊ ၁၉၅-၁၉၆)




**ထောက်ပံမှုရပ်တန့်သောအခါ-သာသနာရပ်တန့်**

မြင်တွေ့ရသည့်အတိုင်း အမှုတော်၊ သာသနာနှင့်အသင်းတော်သည် ငွေကြေးအပေါ်တည်ဆောက်ထားခြင်း(သို့)ဆက်သွယ်ခြင်းရှိနေပါက၊ ယင်း၏ "အသက်သွေးကြောမှာ" ငွေကြေးဖြစ်လာသည်။ ထိုကြောင့်ငွေကြေးရပ်တန့်သောအခါ၊ အမှုတော်သည်လည်းရပ်တန့်သွားသည်။ ငွေသည် သန့်ရှင်းသောဝိညာဉ်တော်၏နေရာ၌အစားထိုးဝင်ရောက်ကာ၊ ဘုရား၏ကြီးမား သောလက်နက်စုံကိုတန်ခိုးမဲ့စေ၍၊ ထိရောက်မှုလည်းရှိမည်မဟုတ်ပါ။ အသင်းတော်သည် သန့်ရှင်းသောဝိညာဉ်တော်နှင့်အဆက်အသွယ်ရှိလာသောအခါ၊ ယင်းသည်ရပ်တန့်၍မရနိုင်ခြင်း၊ ကိုယ်ပိုင်ရပ်တည်နိုင်ခြင်းနှင့်မရဏာနိုင်ငံတံခါးက ရပ်တန့်၍မရနိုင်သောတန်ခိုးကြီးသောစွမ်းအားဖြစ်လာပါမည်။(မ၊ ၁၆း၁၈) **မှတ်ချက်။** ဤလက်စွဲ၏ရည်ရွယ်ချက်တစ်ခုမှာ ခရစ်တော်၊သန့်ရှင်းသောဝိညာဉ်တော်နှင့်တမန်တော်တို့၏လမ်းစဉ်သို့ပြန်လှည့်လာပြီး၊ ယနေ့အသင်းတော်တို့သည် မှီခိုနေသာပုံစံများမှလွတ်မြောက်ကာ၊ ယနေ့ကမ္ဘာကြီးတွင်ရပ်တန့်လို့မရနိုင်သောသူများဖြစ်လာမည်။ တမန်တော်ရှင်ပေါလုသည် သက်သာလောနိတ်ယုံကြည်သူများအား ပြင်ပလူတို့၏ရှေ့တွင် ကောင်းကောင်းမွန်မွန်အသက်ရှင်သောသူများဖြစ်ရန်နှင့်သန့်ရှင်းသောဝိညာဉ်တော်မှလွဲ၍ "မည်သူအပေါ်မှ၊မှီခိုအားထားခြင်းမပြုရန်" သည် ရှင်ပေါလု၏ဆန္ဒဖြစ်သည်။ ယင်းကိုစိတ်ထဲတွင်မှတ်ထားရပါမည်။ အကယ်၍သင်သည် "အနောက်တိုင်းအသင်းတော်" ပုံစံတည်ဆောက် မည်ဆိုပါက၊သင်သည်ငွေကြေးလိုအပ်နေပါမည်။

# ကနဦးအသင်းတော်နှင့်ယနေ့အသင်းတော်အား နှိုင်းယှဉ်ခြင်း

**ဆွေးနွေးခြင်း**။ အောက်ပါမေးခွန်းများကို အတူဆွေးနွေးပါ။(အခြားသူများနှင့်တွေ့ဆုံနိုင်ပါက ပို၍ကောင်းသည်) သင့်၏အဆုံးသတ်မှုကို ကွက်လပ်တွင်ရေးသားပါ။ သင့်၏ဝေဖန်သုံးသပ်သောအတွေးအမြင်များနှင့်ပတ်သက်၍ ရိုးသားစွာဝေမျှရန်မစိုးရိမ်ပါနှင့်။

၁။ နှုတ်ကပတ်တော်ပျံ့နှံ့ခြင်းနှင့်ခရစ်တော်အတွက် သူတို့၏ကမ္ဘာကိုမှောက်လှန်သောကနဦးအသင်းတော်တို့၏ လုပ်ဆောင်ချက်အတိုင်း၊ ယနေ့အသင်းတော်အများစုသည်ယင်းကဲ့သို့တိုးတက်အောင်မြင်မှုနှင့်အကျိုးသက်ရောက်မှုတို့ကို အဘယ့်ကြောင့်မလုပ်ဆောင်နိုင်သနည်း။ ______

______

______

______

၂။ အကယ်၍သန့်ရှင်းသောဝိညာဉ်တော်ကိုဖယ်ရှားလိုက်ပါက၊ သင့်၏အသင်းတော်နှင့်သာသနာသည် ဆက်လက်လုပ်ဆောင်နိုင်ပါသလား။ မည်သည့်ပြောင်းလဲမှုများဖြစ်ပေါ်လာမည်နည်း။ ______

______

______

၃။ တစ်ပါးအမျိုးသားကမ္ဘာတွင်ကနဦးဂျူးအသင်းတော်များလုပ်ဆောင်သကဲ့သို့ ယနေ့ကမ္ဘာကြီးတွင် ဒေသခံအသင်းတော်များနှင့်သာသနာလုပ်ငန်းများတည်ထောင်ခြင်းတွင်ပို၍အောင်မြင်ရန်အဘယ့်ကြောင့်မလုပ်ဆောင်နိုင်ကြသနည်း။

______

______

______

၄။ ရှင်ပေါလုတည်ဆောက်ခဲ့သောအသင်းတော်များကဲ့သို့ ယနေ့အသင်းတော်များ၊ အမှုတော်လုပ်ငန်းများနှင့်သာသနာပြုလုပ်ငန်းများသည်ကိုယ်ပိုင်ရပ်တည်မှုကိုအဘယ်ကြောင့်မလုပ်ဆောင်နိုင်သနည်း။ ______

______

______

______

အသင်းတော်၏သမိုင်းအားလုံးတွင် **မည်သည့်အခါမျှမရှိခဲ့ဘူးသော** အရာကဲ့သို့ဘုရားသခင်သည် ယနေ့လုပ်ရှားဆောင်ရွက်နေပါသည်။ ကြီးမြတ်သောအချိန်ကာလတွင်အသက်ရှင်ရခြင်းလည်းဖြစ်သည်။ ကမ္ဘာနှင့်အဝှမ်းတွင် “အသင်းတော်တည်ထောင်ခြင်းလုပ်ရှားမှု” ကိုယနေ့ကြီးမားစွာဆောင်ရွက်နေသည်။ ထိုလှုပ်ရှားမှုတွင်ပူးပေါင်းရန် သင့်အားဘုရားသခင်သည်ဖိတ်ခေါ်နေသည်။ ရှေးဦးစွာ “အသင်းတော် တည်ထောင်ခြင်းလုပ်ရှားမှု” ကိုအဓိပ္ပါယ်ဖွင့်ဆိုကြပါစို့။

> အသင်းတော်တည်ထောင်ခြင်းလုပ်ရှားမှုသည် အသင်းတော်များကိုတည်ထောင်သောဒေသခံတပည့်တော်များနှင့်အသင်းတော်များ၏ဆပွားတိုးပွါးခြင်းကိုအရှိန်အဟုန်တိုးမြှင့်စေသည်။ ထိုလုပ်ရှားမှုသည်မိသားစုများနှင့်လူမျိုးစုအားဖြင့်စီးဆင်းသွားပြီး၊ ယေဘူယျအားဖြင့်သူတို့လွှမ်းမိုးသောသူများတို့အပေါ်သတင်းကောင်းကိုမိတ်ဆက်ပေးနိုင်ခဲ့သည်။ ကနဦးအသင်းတော်သည် ထိုလုပ်ရှားမှု၏ပုံစံအတွက်သမိုင်းတွင်သောဥပမာတစ်ခုသာမဟုတ်ဘဲ၊ တရုတ်ပြည်သည်လည်း ယနေ့ခေတ်အတွက် ဥပမာတစ်ခုအဖြစ်ဖော်ပြထားပါသည်။ လွန်ခဲ့သောနှစ်ပေါင်းများစွာက Hudson Taylor (၁၈၃၂-၁၉၀၅)သည် တရုတ်ပြည်သို့သာသနာပြုတစ်ဦးဖြစ်ပြီး၊ သတင်းကောင်းကိုမိတ်ဆက်ခဲ့သည်။ အနောက်တိုင်းသားတို့၏ပါဝင်ပတ်သက်မှုမရှိဘဲ၊ ယနေ့တရုပ်ပြည်တွင် ဘုရားသခင်၏အသင်းတော်တည်ထောင်ခြင်းလှုပ်ရှားမှုသည်အံ့သြကြီးမားစွာတိုးတက်နေပါသည်။ သမ္မာကျမ်းတွင်အသင်းတော်နှင့်နိုင်ငံတော်၏ကြီးထွားမှုနှင့်ပတ်သက်၍လေ့လာကြပါစို့။

ရှေးဦးစွာ ကြီးထွားခြင်းနှင့်သာမန်ထက်ထူးကဲသောကြီးထွားခြင်းကိုမျှော်လင့်ခဲ့သည့်အတိုင်း၊ သူ၏နိုင်ငံတော်နှင့် ပတ်သက်၍ယေရှု၏သွန်သင်ခြင်းသည် သိသာထင်ရှားသောအရာတစ်ခုဖြစ်သည်။ များစွာသော ဥပမာများထဲမှ တစ်ခုမှာမုန်းညင်းစေ့ဥပမာ ဖြစ်ပါသည်။ (မ၊ ၁၃း၃၁-၃၂) မုန်းညင်းစေ့သည် အသေးငယ်ဆုံးမျိုးစေ့ ဖြစ်သော်လည်း၊ စိုက်ပျိုးသောအခါ၊ ပန်းခြံထဲတွင် မိမိထက်ကြီးသောမျိုးစေ့တို့၏အပင်တို့ထက်ပိုပြီးကြီးထွားလာသည်။ အလွန်သေးငယ်သောမုန်းညင်းစေ့၏နောက်ဆုံးရလဒ်မှာကြီးမားသောအပင်ဖြစ်လာသည်။

ဒုတိယချက်အနေဖြင့်ကြိုတင်ဆွေးနွေးသည့်အတိုင်း သတင်းကောင်းမျိုးစေ့သည်အခြားသောဒေသခံယဉ်ကျေးမှုတွင် စိုက်ပျိုးခဲ့ခြင်းရှိဘို့ရန်ယေရှုကညွှန်ပြနေကြောင်းတွေ့မြင်ရသည်။မျိုးစေ့ကိုယူလာရမည့်အစား အိုးထဲတွင်စိုက်ပျိုးထားပြီးသောပန်းပင်တစ်ပင်လုံးကိုယူဆောင်ခဲ့မိကြောင်း မြန်မာပြည်မှညီအစ်ကိုတစ်ဦးကပြောပြခဲ့ပါသည်။ မ၊ ၁၃း၃၃ စကားလုံးဖြင့်ပုံဖေါ်ရန်ဖြစ်ပါသည်။ သတင်းကောင်းကို အခြားသောယဉ်ကျေးမှုထဲတွင်စိုက်ပျိုးခြင်းသည်တံဆေးနှင့်တူသည်။ ယင်းတံဆေးသည် မုန့်တစ်ခုလုံးထဲသို့ပျံ့နှံ့ဝင်ရောက်သွားနိုင်သည်။ မုန့်တစ်ခုလုံးသည် အနည်းငယ်မျှသော တံဆေးအားဖြင့်အတွင်းတွင်အကျိုးသက်ရောက်စေပါသည်။ နှစ်ပေါင်း(၂၀)မှ(၃၀)အတွင်း၊ ဂျူးအသင်းတော်သည် တစ်ပါးအမျိုးသားအသင်းတော်သို့ထင်ဟပ်ဖြစ်ပေါ်လာသော ယဉ်ကျေးမှုများအတွင်း ဧဝံဂေလိလုပ်ငန်းကို တမန်တော်ဝတ္ထုတွင်မှတ်တမ်းတင်ထားသောအရာကို ကျွန်ုပ်တို့ဆွေးနွေးခဲ့ပြီးဖြစ်ပါသည်။ နှစ်ပေါင်းရာချီနောက်ပိုင်းတွင်လည်း၊ ခရစ်ယာန်ယုံကြည်မှုကိုနိုင်ငံခြား(သို့)အနောက်နိုင်ငံသားတို့၏ကိုးကွယ်မှုဖြစ်သည်ဟုဆက်လက်တည်ရှိနေသည်။ အထူးသဖြင့် သီးသန့်တည်နေရာမှာ ၁၀-၄၀ ပြတင်း ပေါက်ဖြစ်ပြီး၊ ထိတွေ့ခြင်းမရှိသေးသောလူမျိုးစုများနေထိုင်သည်။ (စာ- ၃၁၊ မြေပုံတွင်ကြည့်ပါ။) ခရစ်ယာန်ယုံကြည်မှုသည် နိုင်ငံခြားသားတို့၏ယုံကြည်မှု(သို့)ဘာသာရေးဟုမှတ်ယူနေပါက၊ သတင်းကောင်းလျင်မြန်စွာပျံ့နှံ့မှုကိုအဆီးအတားဖြစ်စေပါမည်။ ထိုကြောင့်ကျွန်ုပ်တို့မည်သို့လုပ်ဆောင်မည်နည်း။ ကျွန်ုပ်တို့လုပ်ဆောင်နိုင်သောအရာမှာ ဘုရား၏လုပ်ရှားမှုများကို “အရှိန်မြင့်တင်ပေးနိုင်ခြင်း” နှင့်ဘုရား၏လုပ်ရှားမှုများကို “ဟန့်တားသောအရာများ”ကို ကျွန်ုပ်တို့လုပ်နိုင်ခြင်း(သို့)မလုပ်နိုင်ခြင်းစသည့်တို့ပင်ဖြစ်ပါသည်။ ထိုကြောင့်ယင်းတို့ကို **“အရှိန်မြင့်တင် သောအရာများ**နှင့်**ဟန့်တားသောအရာများ”** ဖြစ်ပါသည်။

**<u>အရှိန်မြင့်တင်သောအရာများ</u>** ဆိုင်ကယ်နှင့်ကားတာယာများတို့တွင်လေအပြည့်ရှိနေခြင်းနှင့်တူပါသည်။ ယင်းတို့သည်အသင်းတော်တည်ထောင်ခြင်းနှင့်အသင်းတော်ပြန်လည်သစ်လွင်စေခြင်းလုပ်ဆောင်ချက်များကို ကိုယ်စားပြုခြင်း(သို့)လုပ်ဆောင်ရန်ကျွန်ုပ်တို့ပျက်ကွက်မိသောအရာများလည်းဖြစ်တက်ပါသည်။ ယင်းတို့ကို တိုင်းတာ၍မရနိုင်ခြင်းနှင့်အသီးအပွင့်ကို ကြာရှည်စွာစောင့်ဆိုင်းရခြင်းများရှိတက်ပါသည်။ သို့သော်ကြာရှည်ခံသော နိုင်ငံတော်ရလဒ်နှင့်အဆုံးတိုင်အောင် ခိုင်ခံသောအသင်းတော်ကြီးတည်ထောင်နိုင်ခဲ့ခြင်းဖြစ်သည်။ **မှတ်ချက် ဤလက်စွဲ၏ရည်ရွယ်ချက်တစ်ခုမှာ ခေတ်ကာလနှင့်ယဉ်ကျေးမှုများအထက် သာလွန်ထူးကဲသော သမ္မာကျမ်းစာနည်းဥပဒေသများကိုအသုံးပြုခြင်းအားဖြင့် အရှိန်မြင့်တင်သောအရာကိုကူညီဖေးမရန်နှင့် အသင်းတော်တည်ထောင်ခြင်းကိုဆက်လက်ထိန်းသိမ်းရန်တို့ဖြစ်သည်။** ယင်းလှုပ်ရှားမှုဆက်လက်ရပ်တည်နိုင်ရန် သမ္မာကျမ်းနှင့်ကိုက်ညီသောအခြေခံအုတ်မြစ်ကိုချထားသည့် အချိန်တွင်အသင်းတော်တည်ထောင်ခြင်းလှုပ်ရှားမှုများ အတွက်သမ္မာကျမ်းနှင့်ကိုက်ညီသောအရာတို့ကိုတွဲကားသဖွယ်တည်ဆောက်ခြင်းဖြင့် ပြီးမြောက်အောင်လုပ်ဆောင် နိုင်ပါသည်။

**<u>ဟန့်တားသောအရာများ</u>** ဆိုင်ကယ်နှင့်ကားတာယာများတို့တွင်လေမရှိခြင်းနှင့်တူပါသည်။ ယင်းတို့သည် အသင်းတော်တည်ထောင်ခြင်း(သို့)အသင်းတော်ပြန်လည်သစ်လွင်ခြင်းဆိုင်ရာလုပ်ဆောင်ချက်များဖြစ်ပြီး၊ ယင်းတို့ကို ရေတိုရလဒ်ကိုတိုင်းတာ၍ရသော်လည်း၊ ကြာရှည်ခံသောရလဒ်နှင့်အတူအသင်းတော်မှခရစ်တော်၏လျှင်မြန်သော လှုပ်ရှားမှုနှင့် အသီးသီးခြင်းမှဟန့်တားသောအရာများကဲ့သို့ဖြစ်စေပါသည်။ ယင်းအတွက်ဥပမာကို ဗီယက်နမ်ရှိ Hmong လူမျိုးစုနှင့်ကမ္ဘာတစ်ဝှမ်းရှိအခြားသောလူမျိုးစုတွင်လည်းတွေ့နိုင်ပါသည်။ David Garrison ပြုစုသော Church Planting Movements တွင်တွေ့နိုင်ပါသည်။ (www.newfoundationsinternational.org) သင်တန်းမှတ်စုများအတွက် အခမဲ့ရယူနိုင်ပါသည်။ အောက်တွင် အရှိန်မြင့်တင်သောအရာများနှင့် ဟန့်တားသောအရာများစာရင်းတစ်ခုကိုပြုစုထားပါသည်။ သင့်၏ယဉ်ကျေးမှုနှင့်ကိုက်ညီမှုရှိသောအရာများ၊ ယဉ်ကျေးမှုနှင့် မကိုက်ညီ သောအရာများလည်း ရှိနိုင်ပါသည်။ သို့သော်ဘုရားသခင်၏အချိန်တိုင်းယဉ်ကျေးမှုတိုင်းနှင့်ကိုက်ညီသော အခြေခံနိယာမများကို ယနေ့အသင်းတော်အတွက်ပေါင်းကူးတံတားသဖွယ်လုပ်ဆောင်သောအခါ၊ သင့်အား ဆင်ခြင်စဉ်းစားနိုင်ရန် တစ်စုံတစ်ရာကိုပေးပါလိမ့်မည်။(ပေါင်းကူးတံတားပုံစံ၊ စာ-၄၂)

## စီမံကိန်း A

## အရှိန်မြှင့်တင်သောအရာများနှင့်ဟန့်တားသောအရာများကိုဖေါ်ထုတ်ခြင်း

**သတိပြုပါ။** တည်ရှိနေသောအသင်းတော်များ ပြန်လည်မွေးဖွားထုတ်လုပ်သောအသက်တာမရှိပါက၊ အဆင့်(၄)ဆင့်ကိုပြန်စစ် ဆေးရန်နှင့်မိမိတို့မည်သည့်နေရာတွင်ရောက်နေကြောင်းကိုဆုံးဖြတ်ရန်ဖြစ်သည်။ ဘုရားသခင်၏နည်းဗျူဟာကိုပြန်လည်ကြည့်ရှုခြင်းသည် အကြီးမြတ်ဆုံးသောအခွင့်အရေးဖြစ်ခြင်းနှင့်သန့်ရှင်းသောဝိညာဉ်တော်ကို တောင်းလျှောက်ခြင်းအားဖြင့် အသင်းတော်အတွင်းမီးအလင်းရောင်များတောက်ပလာရန်ဖြစ်သည်။ ဂလာတိအသင်းတော်ကဲ့သို့ စစ်မှန်သောသတင်းကောင်းနှင့်ပတ်သက်၍မှားယွင်းသောသွန်သင်ချက်သည် အသင်းတော်၏တန်ခိုးပါသောအသင်းတော်တည်ထောင်ခြင်းလှုပ်ရှားမှုကို လုယက်တိုက်ခိုက်ကာ၊ ထိုလှုပ်ရှားမှုတို့ကိုရှေ့ဆက်မသွားနိုင်အောင်ရပ်တန့်စေပါသည်။

အခန်း(၄)သို့မသွားခင်၊ အခန်း ၁၊၂ နှင့် ၃ တို့ကိုပြန်လည်လေ့ကျင့်ရန်၊ သင်ခန်းစာများကိုပြန်၍မကြည့်ဘဲ၊ အောက်ပါကွက်လပ်များကိုဖြည့်ရန်ဖြစ်သည်။









# အခန်း ၄

# ကျွန်ုပ်တို့အတွက်စိန်ခေါ်ချက် အသင်းတော်၌ သစ္စာရှိသော ခေါင်းဆောင်များကို ကြီးထွားဖွံ့ဖြိုးစေခြင်း




ထင်ရှားသိသာသောအချက်မှာ ယနေ့အချို့သောခေါင်းဆောင်များက အနောက်တိုင်းသားတို့၏ တပည့်တော်သင်တန်းပုံစံသည် ယေရှုခရစ်တော်နှင့်ကနဦးအသင်းတော်တို့၏ တပည့်တော်သင်တန်းပုံစံထက်ပို၍ကောင်းသည်ဟု ထင်မြင်ကြပါသည်။ ပြဿနာမရှိပါက၊ခရစ်တော်နှင့်တမန်တော်တို့၏ လမ်းကြောင်းသို့ပြန်သွားရန် အရေးတကြီးလိုအပ်သော အချိန်ဖြစ်ပါသည်။ သူ၏သာသနာပြုခရီးစဉ်(၃)ခုကို(၁၀)နှစ်အတွင်း ပြီးဆုံးအောင်လုပ်နိုင်ခဲ့သည့် ရှင်ပေါလုအပါအဝင်၊ ကနဦးတပည့်တော်များ လုပ်ဆောင်ခဲ့သည့်အတိုင်း ယနေ့ထိရောက်စွာဖြင့် တိုးတက်မှုများရရှိအောင် လုပ်ဆောင်နိုင်သောသူ တစ်စုံ တစ်ယောက် သင်တွေ့မြင်ခဲ့ပါသလား။ ယနေ့ကျွန်ုပ်တို့တွင်ရှိသော နောက်ဆုံးပေါ် သင်တန်း၊ ခရီးစဉ်နှင့်နည်းပညာတို့ကြောင့်မဟုတ်ပါ။ ကနဦးအသင်းတော်တို့၏ကျယ်ပြန့်ခြင်း၊ ကနဦးတပည့်တော်များနှင့်တမန်တော်တို့၏အသက်တာ၊ သူတို့ကာလ၏အကျိုးသက်ရောက်မှုများတို့ကို ကြည့်ပါက၊ ယနေ့ကျွန်တော်တို့ပို၍ကောင်းသောသင်တန်းကို လုပ်ဆောင်နိုင်ခြင်းမရှိသေးကြောင်း နောက်ဆုံးတွင်အဖြေတွေ့ရပါလိမ့်မည်။ ထိုကြောင့် ကျွန်ုပ်တို့အသုံးပြုနေသောနည်းစနစ်တစ်ချို့ လစ်ဟာနေပါလိမ့်မည်။ ယနေ့အသင်းတော်တွင် ခေါင်းဆောင်များလိုအပ်မှုကိုနားလည်ဘို့ရန်၊ အောက်ပါရုပ်ပုံကိုကြည့်၍ စာမျက်နှာ(၇၀)ရှိမေးခွန်းများကိုသုံးသပ်ဆွေးနွေးကြပါစို့။ (Mentor Link International မှခွင့်ပြုချက်)



**ဆွေးနွေးရန်မေးခွန်းများ။** အဘယ့်ကြောင့်ခေါင်းဆောင်မှု၏တိုးတက်နှုန်းသည် အသင်းတော်၏ကြီးထွားမှုကို မဖြည့်ဆည်းပေးနိုင်သနည်း။ ____________________

____________________

____________________

____________________

ယနေ့လောကကြီးတွင် သမ္မာကျမ်းနှင့်ကိုက်ညီသောခေါင်းဆောင်များကျဆင်းမှုများကိုနည်းသွားအောင် မည်ကဲ့သို့ လုပ်ဆောင်ကြမည်နည်း။ ____________________

____________________

____________________

____________________

ကနဦးအသင်းတော်တွင်၊ ခေါင်းဆောင်မှုတိုးတက်ခြင်းနှင့်တိုးပွါးခြင်းသည်အံ့သြစွာတိုးတက်မှုနှင့်အကျိုးသက်ရောက်မှုတို့ခံစားနေရသောကမ္ဘာကြီးအတွက် မရှိမဖြစ်လိုအပ်သောအရာဖြစ်ခဲ့သည်။ ခရစ်တော်အတွက်ကမ္ဘာကြီးမှောက်လှန်သော ကနဦးတပည့်တော်များကိုလေ့လာသုံးသပ်ရန်ပြန်သွားကြပါစို့၊ ယေရှုအတွက်လမ်းခင်းပေးသောပုရောဖက်နှင့်အစပြုကြပါစို့။ သူ၏အမည်ကိုသင်သိပါသလား။ ____________ ယနေ့ကျွန်ုပ်တို့မျှော်လင့်ချက်မဲ့နေလောက်အောင် လိုအပ်သောအရာဖြစ်သောကနဦးအသင်းတော်တွင်ပေါ်ပေါက်ခဲ့သော အစေခံခေါင်းဆောင်မှု၏ပုံစံအတွက် အထူးအရေးကြီးသောနိယာမသော့ချက်တို့ကိုထားရှိခဲ့ပါသည်။ ယောဟန်၏ယဉ်ကျေးမှုနှင့်အချိန်ကာလတို့အထက်အံ့ဖွယ်သောနိယာမဖြစ်သည့် ထိုသခင်သည် တိုးပွါးခြင်း**ရှိရမည်**၊ ငါမူကား(ကျွန်ုပ်တို့သည်)ဆုတ်ယုတ်ခြင်း**ရှိရမည်**။ (ယောဟန်၊ ၃း၃၀) ထိုနောက်ယေရှုခေါ်တော်မူသော ပထမဦးဆုံးသောတပည့်တော်ကားမည်သူဖြစ်သနည်း။ ____________ ထိုနောက်ထိုသူသည် မိမိညီအစ်ကို ပေတရုနှင့် တမန်တော်တို့ကိုခေါ်၍၊ ယေရှုနှင့်အတူရှိစေရန်ဖြစ်ပြီး၊ သို့မှသာယေရှုသည် ထိုသူတို့ကိုစေလွှတ်နိုင်မည်ဖြစ်သည်။ (မာကု၊ ၃း၁၄)

ယေရုရှလင်မြို့ရှိ ကနဦးအသင်းတော်သည် အန္တိအုတ်သို့စေလွှတ်ဘို့ရန်အဓိကကျသောပုဂ္ဂိုလ်ကိုရှာဖွေသောအခါ၊ ပေတရု၏လက်အောက်တွင်သွန်သင်ခြင်းခံရသောဗာနဗအမည်ရှိသောသူသည် ယုံကြည်ခြင်းနှင့်လည်းကောင်း၊ ဝိညာဉ်တော်နှင့်လည်းကောင်းပြည့်ဝသောသူဖြစ်သဖြင့် ထိုသူကိုရွေးချယ်ခဲ့ကြသည်။ ဗာနဗအားဖြင့်တာရှုမြို့သား ရှင်ပေါလုကိုရရှိခဲ့သည်။ သူသည်ကမ္ဘာတစ်ဝှမ်းလုံးသို့သတင်းကောင်းကိုသယ်ဆောင်ရန်အဓိကနေရာဖြစ်သော အန္တိအုတ်အသင်းတော်ကိုစတင်တည်ဆောက်၍ခိုင်ခန့်စေသောသူဖြစ်သည်။

ယေရှုသည်အန္ဒြေကိုခေါ်ပြီး၊ အစပြုကာယေရှုရုလင်မြို့မှကမ္ဘာတစ်ဝှမ်းလုံးသို့ကနဦးအသင်းတော်၏ကျယ်ပြန့်ခြင်းကိုအတူတကွဆက်နွယ်လုပ်ဆောင်သော ပေတရုနှင့်ဗနာဗတို့၏ဆက်နွယ်နေသောခေါင်းဆောင်မှုတို့ကို ကျွန်ုပ်တို့လိုက်လျှောက်နိုင်ပါလိမ့်မည်။ အနာဂတ်မျိုးစဉ်ဆက်များအတွက်အသင်းတော်(သို့)ဘုရား၏မိသားစုမှအသင်းတော်ခေါင်းဆောင်များဖြစ်သော တမန်တော်များနှင့်သင်းအုပ်များ မည်ကဲ့သို့တိုးပွါးစေကြောင်းကိုကျွန်ုပ်တို့တွေ့မြင်နိုင်ပါသည်။(၂တိ၊ ၂း၂) အာဖရိကာ၏ဆိုရိုးစကားကိုလေ့လာကြည့်ပါ။ “အကယ်၍သင်သည် မြန်မြန်သွားလိုပါက၊တစ်ယောက်ထဲသွားပါ။” “အကယ်၍သင်သည်အဝေးဆုံးသို့သွားလို့ပါက၊ အတူသွားပါ။” အောက်ပါပုံကားချပ်ကိုလေ့လာကြည့်ပါစို့။



ယခုအချိန်တွင် သင်ခန်းစာ ၁၀နှင့်၁၁ ရှိနှုတ်ကပတ်တော်များကိုပြန်လေ့လာကြပါစို့။ ကနဦးအသင်းတော်တွင် ခေါင်းဆောင်များ ကို မည်ကဲ့သို့ပွားများစေပြီး၊ မည်သို့ကြီးထွားခဲ့ကြောင်းကိုကြည့်ကြပါစို့။ နောင်မျိုးဆက်သစ်များအတွက် တမန်တော်များသည် သင်းအုပ်များနှင့်အခြားသောတမန်တော်များကို မည်ကဲ့သို့ကြီးထွားဖွံ့ဖြိုးစေသည်ကိုကျွန်ုပ်တို့ တွေ့ရှိရပါမည်။

## သင်ခန်းစာ(၁၀)
## ကနဦးအသင်းတော်၌ တမန်တော်များ၏ အရေးကြီးသောကဏ္ဍ

**၁။ ကနဦးအသင်းတော်၌ တမန်တော်များ ပေါ်ထွက်လာခြင်း တမန်၊ ၄း၃၆-၁၁း၃၀**

**ညွှန်ကြားချက်။** အောက်ဖော်ပြပါကျမ်းပိုဒ်များကို အခြေခံ၍ ကွက်လပ်ထဲတွင် မေးခွန်းများကို ဖြေဆိုပါ။

### ဗာနဗ၏အကျင့်စာရိတ္တကိုအတည်ပြုခြင်း။ (တမန်၊ ၄း၃၆-၃၇၊ ၉း၂၆-၂၇)

၁။ ဗာနဗဟူသောအမည်မှ မည်သည့်အရာကိုသင်ယူနိုင်မည်နည်း။ (၄း၃၆) ________________________________

________________________________________________________________

၂။ ဗာနဗသည် ဘုရားသခင်အားဆက်ကပ်သူဖြစ်ကြောင်းကို မည်သည့်အရာကသိမြင်စေပါသနည်း။(၄း၃၇) ____________

________________________________________________________________

၃။ ဗာနဗသည် အမိန့်နာခံသူဖြစ်ကြောင်း မည်သည့်အရာကဖော်ပြနေသနည်း။(၄း၃၇) ____________________

________________________________________________________________

၄။ အမှုတော်လုပ်ငန်း၌ကောင်းသောလုပ်ဖော်ဆောင်ဖက်ဖြစ်ကြောင်း ဗာနဗကိုမည်သည့်အရာကဖော်ပြသနည်း။(၉း၂၆-၂၇) ________________________________________________________

________________________________________________________________

________________________________________________________________

### ဗာနဗသည် ယေရုရှလင်မြို့အသင်းတော်မှစေလွှတ်သောသူတစ်ဦးဖြစ်သည်။(တမန်၊ ၁၁း၁၉-၂၃)

၅။ ယေရုရှလင်အသင်းတော်သည် ဗာနဗကိုအန္တိအုတ်အသင်းတော်သို့စေလွှတ်သည်မှာအဘယ်ကြောင့်နည်း။(၁၁း၁၉-၂၃) ________________________________________________________

________________________________________________________________

________________________________________________________________

၆။ ဗာနဗသည် အန္တိအုတ်မြို့သို့ရောက်သောအခါ မည်သည့်အရာကိုလုပ်ဆောင်သနည်း။(၁၁း၂၃) ______________

________________________________________________________________

### အသင်းတော်တည်ထောင်ခြင်းအတွက် ဗာနဗ၏အရည်အချင်းများ(တမန်၊ ၁၁း၂၄-၂၆)

၇။ ဗာနဗသည် မည်ကဲ့သို့သော်ပုဂ္ဂိုလ်ဖြစ်သနည်း။(၁၁း၂၄) ________________________________

________________________________________________________________

၈။ တမန်၊ ၁၁း၂၄ အရ၊ ဗာနဗသည်မည်သည်အရာနှင့်ပြည့်ဝခဲ့သနည်း။ ___
သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝခြင်း၊ယုံကြည်ခြင်းနှင့်ပြည့်ဝခြင်းတို့သည် သာသနာလုပ်ငန်းအတွက် အဘယ်ကြောင့် အရေးပါသောအရည်အချင်းဖြစ်ရသနည်း။ ___

၉။ သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝခြင်းတည်းဟူသောအရည်အချင်းကိုယနေ့တွင်မေ့လျော့နေကြသည်မှာ အဘယ်ကြောင့်နည်း။ ___

၁၀။ ဗာနဗသည် ယုံကြည်ခြင်းနှင့်ပြည့်ဝသောသူဖြစ်သည်။ ယုံကြည်ခြင်းနှင့်ပြည့်ဝခြင်းသည် မည်သည့်အဓိပ္ပါယ်ရှိသနည်း။ (၁၁း၂၄) ___

၁၁။ ဗာနဗသည် မည်သူကို ကူညီခဲ့သနည်း။ ___ အဘယ်ကြောင့်နည်း။ (၁၁း၂၅၊၂၆) ___

၁၂။ ဗာနဗနှင့်ရှင်ပေါလုတို့သည် အန္တိအုတ်မြို့တွင် မည်မျှကြာအောင်နေထိုင်ခဲ့သနည်း။ ___
ထိုအချိန် ကာလအတွင်း သူတို့သည် မည်သည့်အရာကိုလုပ်ဆောင်ခဲ့သနည်း။ ___

၁၃။ အန္တိအုတ်မြို့၌ တပည့်တော်တို့ကို မည်သို့စတင်ခေါ်ဆိုကြသနည်း။(၁၁း၂၆)___ သူတို့ကို ခရစ်ယာန်ဟုခေါ်ဆိုကြသည်မှာ အဘယ်ကြောင့်နည်း။ ___

**ဆွေးနွေးချက်။** ယေရုရှလင်မြို့မှအန္တိအုတ်မြို့သို့ စေလွှတ်ခြင်းခံဘို့ရန် ဗာနဗအသက်တာတွင် အထူးအရေးကြီးသော အရည်အချင်းဟု ထင်ရသောအဓိကအချက်သည် မည်သည့်အရာဖြစ်မည်နည်း။ ___

သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝခြင်း၊ ယုံကြည်ခြင်းနှင့်ပြည့်ဝခြင်းတို့ထက် ပညာအရည်ချင်းသည် ပို၍မကြာခဏ အရေးကြီးသည်ဟုထင်ရသည်မှာ အဘယ်ကြောင့်နည်း။ ___

**ဆင်ခြင်အောက်မေ့ခြင်း။** ဤကျမ်းချက်များကိုအခြေခံ၍ ကနဦးအသင်းတော်၌ တမန်တော်များအား ကြီးထွားဖွံ့ဖြိုးစေသော အခြေခံနိယာမသော့ချက်နှင့်လုပ်ဆောင်ချက်တို့ကိုအကျဉ်းချုပ်၍ရေးသားပါ။ ___

## ၂။ တမန်တော်များအား ကနဦးအသင်းတော်မှစေလွှတ်ခြင်း တမန်၊ ၁၃း၁-၁၄း၂၇

**တမန်တော်များသည်စေလွှတ်ခြင်းခံရန် ဖွံ့ဖြိုးတိုးတက်ပြီး၊လေ့ကျင့်ခြင်းခံရသောသူများဖြစ်သည်။ (တမန်၊၁၃း၁-၄)**

၁။ အန္တိအုတ်အသင်းတော်တွင် ခေါင်းဆောင်များ၊ပုရောဖက်များ၊ဆရာများတို့သည် မည်သူများဖြစ်ကြသနည်း။(၁၃း၁)

၂။ ထိုခေါင်းဆောင်များကို မည်သည့်နေရာတွင် သင်ယူခဲ့သည်ဟု သင်ထင်ပါသနည်း။(၁၃း၁)

၃။ ဤအဖွဲ့ထဲတွင် အဓိကခေါင်းဆောင်(၂)ဦးသည် မည်သူများဖြစ်သည်ဟု သင်ထင်ပါသနည်း။(၁၃း၁-၂)

၄။ သန့်ရှင်းသောဝိညာဉ်တော်သည်ထိုသူတို့ထံသို့စကားပြောဆိုသောအခါ၊ သူတို့သည်မည်သည့်အရာကိုလုပ်ဆောင်ကြသနည်း။(၁၃း၂)

၅။ ဗာနဗနှင့်ရှင်ပေါလုကို မည်သူက စေလွှတ်ခဲ့သနည်း။(၁၃း၂-၄)

၆။ ထိုစေလွှတ်ခြင်းအဆင့်ဆင့်တွင် မည်သူများပါဝင်ခဲ့သနည်း။(၁၃း၁-၄)

၇။ ထိုစေလွှတ်ခြင်းအဆင့်ဆင့်တွင် ပြီးဆုံးအောင်လုပ်သော လမ်းစဉ်ကို ရှင်းလင်းဖော်ပြပါ။(၁၃း၁-၄)

**တမန်တော်များတွင်နည်းဗျူဟာရှိသည်။(၁၄း၂၁-၂၇)**

၈။ တပည့်တော်တို့သည် မြို့တစ်မြို့သို့ရောက်သောအခါ၊ ပထမဦးဆုံး မည်သည့်အရာကို လုပ်ဆောင်ကြသနည်း။ (၁၃း၃၂၊၃၈၊၁၄း၆-၇၊၁၅၊၂၁)

၉။ တမန်တော်တို့သည် သတင်းကောင်းကိုဝေငှခြင်းကြောင့်ရရှိလာသောရလဒ်မှာ မည်သည့်အရာဖြစ်သနည်း။(၁၄း၂၁)

၁၀။ တမန်တော်တို့သည် လုတ္တရမြို့၊ ဣကောနိမြို့နှင့်အန္တိအုတ်မြို့သို့ အဘယ်ကြောင့်ပြန်သွားကြသနည်း။(၁၄း၂၂)

၁၁။ တပည့်တော်တို့သည် အသင်းတော်တိုင်းတွင် မည်သူတို့ကိုခန့်အပ်ခဲ့သနည်း။(၁၄း၂၃)

၁၂။ သူတို့သည် သင်းအုပ်များကို မည်ကဲ့သို့ခန့်အပ်ထားသနည်း။(၁၄း၂၃)

၁၃။ တမန်တော်တို့သည် မည်သူထံသို့ဆက်ကပ်ခဲ့ကြသနည်း။(၁၄း၂၃)

၁၄။ တမန်တော်တို့သည် သာသနာပြုခရီးစဉ်ပြီးဆုံးသောအခါ၊ သူတို့သည် မည်သည့်နေရာသို့ ပြန်သွားကြသနည်း။

**ဆင်ခြင်အောက်မေ့ခြင်း။** ဤကျမ်းချက်များကိုအခြေခံ၍ ကနဦးအသင်းတော်၌ တမန်တော်များအား ကြီးထွားဖွံ့ဖြိုးစေသော အခြေခံနိယာမသဘောချက်နှင့် လုပ်ဆောင်ချက်တို့ကို အကျဉ်းချုပ်၍ရေးသားပါ။

**လက်တွေ့ကျင့်သုံးခြင်း။** ထိုအခြေခံနိယာမကို ရောင်ပြန်ဟပ်စေသော ပြောင်းလဲမှုတို့ကို သင်သည်မည်သည့်အချိန်တွင် မည်ကဲ့သို့လုပ်ဆောင်မည်နည်း။

၃။ ကနဦးအသင်းတော်၌တမန်တော်တို့သည် အသင်းတော်ခေါင်းဆောင်များကို ကြီးထွားဖွံ့ဖြိုးစေခဲ့သည်။ တမန်၊ ၂၀း၁၇-၃၈

**အသင်းတော်ခေါင်းဆောင်များအတွက် ရှင်ပေါလု၏သင်တန်းနိယာမ(တမန်၊ ၂၀း၁၇-၂၆)**

၁။ ဧဖက်မြို့၌ ရှင်ပေါလုသည် မည်သည့်နေရာတွင် နေထိုင်ခဲ့သနည်း။ (၂၀း၁၈) ______

၂။ ဧဖက်မြို့သားတို့ကို ရှင်ပေါလုသည် မည်ကဲ့သို့အစေခံခဲ့သနည်း။ (၂၀း၁၉) ______

______

၃။ ရှင်ပေါလုသည် ထိုသူတို့အား မည်သည့်အရာကို ဟောပြောခဲ့သနည်း။(၂၀း၂၀) ______

______

၄။ ရှင်ပေါလုသည် ထိုသူတို့အား မည်သည့်နေရာတွင် ဟောကြားခဲ့သနည်း။(၂၀း၂၀) ______

______

၅။ ရှင်ပေါလုသည် မည်သည့်အရာကို သက်သေခံခဲ့သနည်း။(၂၀း၂၁) ______

______

၆။ ရှင်ပေါလုသည် မည်သည့်အရာကို တန်ဘိုးမထားဘဲနေသနည်း။ ______ သူ၏ကိုယ်ပိုင်အသက်တာကိုပင် တန်ဘိုးမထားဘဲနေသည်မှာ အဘယ်ကြောင့်နည်း။ ______

______

၇။ ရှင်ပေါလု၏အမှုတော်လုပ်ငန်း ရည်ရွယ်ချက်သည် မည်သည်အရာဖြစ်သနည်း။(၂၀း၂၄) ______

______

**အသင်းတော်ခေါင်းဆောင်များအတွက် ရှင်ပေါလု၏သွန်သင်ချက် (တမန်၊ ၂၀း၂၇-၃၂)**

၈။ ရှင်ပေါလုသည် ထိုသူတို့အား မည်သည့်အရာကို ဟောပြောခဲ့သနည်း။ (၂၀း၂၇) ______

______

၉။ ရှင်ပေါလုသည် ထိုသူတို့အား မည်သည့်အရာကို ပထမဦးဆုံး ဂရုစိုက်ရမည်ဟု ပြောသနည်း။ (၂၀း၂၈) ______

______

၁၀။ အသင်းတော်ကို မည်သည့်အရာနှင့် ရွေးဝယ်ထားသနည်း။ (၂၀း၂၈) ______

၁၁။ ရှင်ပေါလုထွက်ခွာပြီးနောက်တွင်၊ အသင်းတော်သို့ မည်သူများ ဝင်လာမည်နည်း။ (၂၀း၂၉) ______

၁၂။ ထိုသူတို့သည် အသင်းတော်ကို မည်သို့ပြုလုပ်ကြမည်နည်း။ (၂၀း၃၀) ______

______

၁၃။ ထိုခက်ထန်ကြမ်းကြုတ်သော ဝံပုလွေတို့သည် မည်သည့်နေရာမှ ရောက်ရှိလာမည်နည်း။ (၂၀း၃၀) ______

______

၁၄။ ရှင်ပေါလုသည် ထိုသင်းအုပ်များအား မည်သည့်အရာကို သတိပေးခဲ့သနည်း။ (၂၀း၃၁) ______

၁၅။ ရှင်ပေါလုသည် ထိုသူတို့ကို မည်ကဲ့သို့ သတိပေးခဲ့သနည်း။ (၂၀း၃၁) ______

______

၁၆။ မည်သူထံသို့ ရှင်ပေါလုသည် ထိုသူတို့ကို မည်ကဲ့သို့ ယုံကြည်မှုဖြင့် ထောက်ခံခဲ့သနည်း။ (၂၀း၃၂) ______

**အသင်းတော်ခေါင်းဆောင်များအတွက် ရှင်ပေါလု၏စံနမူနာ (တမန်၊ ၂၀း၃၃-၃၅)**

၁၇။ ရှင်ပေါလုသည် အဘယ်ကြောင့် တပ်မက်ခြင်းမရှိသနည်း။ (၂၀း၃၃-၃၄) ______

၁၈။ ရှင်ပေါလု အလုပ်လုပ်သည်မှာ အဘယ်ကြောင့်ဖြစ်မည်ဟု သင်ထင်ပါသနည်း။ (၂၀း၃၄) ______

______

**မှတ်ချက်။** နောက်ဆက်တွဲကိုကြည့်ပါ။ **အသင်းတော်တည်ထောင်သူများအားငွေကြေးထောက်ပံ့မှု** စာ၊ ၂၀၉

၁၉။ ရှင်ပေါလုသည် အလုပ်လုပ်ခြင်းအားဖြင့် ထိုသူတို့အား မည်သည့်အရာကို ဖော်ပြခဲ့သနည်း။ အဘယ်ကြောင့်နည်း။

______

**သင်းအုပ်ဆရာများနှင့် ရှင်ပေါလု၏ဆက်ဆံရေး (တမန်၊ ၂၀း၃၆-၃၈)**

၂၀။ ရှင်ပေါလု မထွက်ခွါမီ၊ အသင်းတော် ခေါင်းဆောင်များနှင့် မည်သည့်အရာကို လုပ်ဆောင်ခဲ့သနည်း။(၂၀း၃၆)

______

၂၁။ ရှင်ပေါလုနှင့် သင်းအုပ်များတို့၏ ဆက်ဆံရေးကို ဖော်ပြပါ။(၂၀း၃၇-၃၈) ______

______

**ဆွေးနွေးချက်။** ရှင်ပေါလုသည် ဧဖက်အသင်းတော်တွင် နှစ်ပေါင်းမည်မျှ နေထိုင်ခဲ့သနည်း။ ______ သင်တန်းကျောင်းများမရှိသောကြောင့်၊ ရှင်ပေါလုသည် ကနဦးအသင်းတော်များနှင့် ဧဖက်အသင်းတော်ရှိ သင်းအုပ်များနှင့်အသင်းတော် ခေါင်းဆောင်များကို မည်ကဲ့သို့ သင်ကြားပေးခဲ့သနည်း။ ______

______

______

______

______

______

အသင်းတော် မိသားစုထဲတွင် ကိုယ်ပိုင်သင်ယူရခြင်းနှင့် ဆက်နွယ်သော သင်ယူခြင်းထက်ပို၍ သင်တန်းကျောင်းများနှင့် ရာထူးသင်တန်းကျောင်းတို့ကို ယနေ့တွင်အဘယ်ကြောင့် လက်ခံ(သို့)အလိုရှိကြသနည်း။

______

______

______

______

______

______

______

______

______

**၄။ တမန်တော်တို့သည် အခြားသောတမန်တော်များကို ကြီးထွားဖွံ့ဖြိုးတိုးတက်စေခဲ့သည်။ တမန်၊ ၁၆း၁-၂၀း၃၁။ ၁တိ၊၂တိ၊ တိတု**

**သတိပြုရန်**။ နောက်ဆက်တွဲကိုကြည့်ပါ။ **အသင်းတော်တည်ထောင်ခြင်းသာသနာကို သမ္မာကျမ်းအတိုင်း ဖော်ထုတ်ခြင်း** စာ-၂၀၅

## ရှင်ပေါလုသည်အသင်းတော်အတွင်း၌ သင်တန်းပေး၍စမ်းသပ်ခံခဲ့ပြီးသော တမန်တော်တို့ကိုရွေးချယ်ခဲ့သည်။

၁။ ရှင်ပေါလုသည် လုတ္တရမြို့သို့ ရောက်သည့်အချိန်တွင်၊ သူနှင့်တွေ့ဆုံခဲ့ရသော တပည့်တော်သည် မည်သူဖြစ်သနည်း။ (၁၆း၁) ________________________________

၂။ တိမောသေ၏ယုံကြည်ခြင်းအစပြုသောနေရာကား အဘယ်မှာနည်း။ (၂တိ၊ ၁း၅) ________________

၃။ ရှင်ပေါလုသည် တိမောသေအား အဘယ်ကြောင့်ရွေးချယ်သည်ဟု ထင်မြင်ပါသနည်း။ (တ၊ ၁၆း၂) ________________________________

၄။ ရှင်ပေါလုသည် တိမောသေနှင့်အတူ မည်သည့်အရာများ လုပ်ဆောင်လိုသနည်း။ (၁၆း၃) ________________________________

၅။ ရှင်ပေါလုသည် တိမောသေကို မည်သို့လေ့ကျင့်ပေးခဲ့သနည်း။ (၁၆း၃-၄) ________________________________

၆။ ထိုလေ့ကျင့်သင်တန်းတိုးတက်မှုဖြစ်စဉ်၏ ရလဒ်သည် မည်သည့်အရာ ဖြစ်သနည်း။ (၁၆း၅) ________________________________

## ရှင်ပေါလုသည် သူ့အားကူညီမည့်အဖွဲ့ကိုတည်ဆောက်ခဲ့သည်။ (တမန်၊ ၁၈း၂၄-၂၈၊ ၂၀း၄)

၇။ မည်သူတို့သည် ရှင်ပေါလုကိုဖေးမကူညီပေးခဲ့နည်း။ (၁၈း၂၄-၂၈၊ ၂၀း၄) ________________________________

၈။ သူတို့ကို စစ်မှန်သောဩဝါဒအတွင်း မည်ကဲ့သို့လေ့ကျင့်ပေးခဲ့သနည်း။ (၁၈း၂၄-၂၆) ________________________________

၉။ နှုတ်ကပတ်တော်၏ သာသနာလုပ်ငန်းတွင် သူတို့၏ ထိရောက်စွာလုပ်ဆောင်နိုင်ခြင်းကို ဖော်ပြပါ။(၁၈း၂၇-၂၈)

________________________________

၁၀။ အမှုတော်လုပ်ငန်းအထဲတွင် လေ့ကျင့်သင်တန်းပေးခြင်းနှင့် အမှုတော်အတွက်လေ့ကျင့်သင်တန်းပေးခြင်းတို့၏ ခြားနားချက်သည် မည်သည့်အရာ ဖြစ်သနည်း။(တမန်၊ ၂၀း၄၊၁၈၊၃၁) ________________________________

၁၁။ ယေရှုသည် သူ၏တပည့်တော်များကိုစေလွှတ်ဘို့ရန်အတွက်၊ ကြီးထွားတိုးတက်ခြင်း (သို့) လေ့ကျင့်သင်တန်းပေးခြင်းတို့ကို မည်ကဲ့သို့ လုပ်ဆောင်ခဲ့သနည်း။ (မာကု၊ ၃း၁၄) ________________________________

## ရှင်ပေါလု၏ညွှန်ကြားချက်များသည် တိမောသေနှင့်တိတုတို့၏အကျင့်စာရိတ္တကိုအလေးအနက်ထားသည်။ (တိမောသေပထမ၊ဒုတိယနှင့်တိတု)

၁၂။ ဥပမာအားဖြင့်၊ တိမောသေ(ပထမနှင့်ဒုတိယ)စာစောင်နှင့် တိတုဩဝါဒစာစောင်တို့ကို အလျှင်အမြန်ပြန်လေ့လာပြီး၊ ခေါင်းဆောင်တစ်ယောက်၏အကျင့်စာရိတ္တနှင့်ပတ်သက်၍ဖေါ်ပြရာတွင် ရှင်ပေါလုအသုံးပြုထားသော နှုတ်ကပတ်တော်အချို့ကိုပြုစုပါ။ ____________________

၁၃။ ဗာနဗ၏ အကျင့်စာရိတ္တကို ပြန်၍လေ့လာပြီး (စာ-၇၁ အပိုင်း-၁)၊ ဗာနဗ၏အကျင့်စာရိတ္တအကြောင်းကို သင်တက်နိုင်သလောက်စာရင်းပြုစုပါ။ သမ္မာကျမ်းစာသည် သူအကြောင်းနှင့်ပတ်သက်၍ ပြောဆိုချက်များစွာရှိသည်ကို မိတ်ဆွေ အံ့ဩမိပါလိမ့်မည်။ ____________________

## တည်ရှိနေသောအသင်းတော်များကိုတည်ဆောက်ဘို့ရန်၊ ရှင်ပေါလုသည်တမန်တော်တို့ကိုအသုံးပြုခဲ့သည်။ (တိတု)

၁၄။ ကရေတေကျွန်း၌ ရှင်ပေါလုသည် တိတုအား အဘယ်ကြောင့် ထားရစ်ခဲ့သနည်း။ (၁း၅) ____________________

၁၅။ "စနစ်တကျထားရှိခြင်း" ဆိုသည်မှာ မည်သည့်အဓိပ္ပါယ်ရှိသနည်း။ (၁း၅-၉) ____________________

၁၆။ ရှင်ပေါလုသည် တိတုအား မည်သည့်အရာများကို သွန်သင်ရန်ပြောခဲ့သနည်း။ (၂း၁) ____________________

၁၇။ "မှန်ကန်သောဩဝါဒ" (သို့) "သွန်သင်မှု" နှင့်ပတ်သက်၍ ရှင်ပေါလုသည် မည်သည့်အရာကိုဆိုလိုကြောင်း ရှင်းပြပါ။ (၂း၂) ____________________

**ဆွေးနွေးချက်။** တိမောသေဒုတိယစာစောင် ၂း၂၀-၂၂ အရ၊ ခေါင်းဆောင်များ၏သာသနာတွင် အကျင့်စာရိတ္တသည် အဘယ်ကြောင့် အရေးကြီးသနည်း။ ____________________

အကျင့်စာရိတ္တထက် ယနေ့အသင်းတော်များ ပညာရေးကိုပို၍အလေးအနက်ထားကြသည်မှာ အဘယ်ကြောင့်နည်း။

## ၅။ တမန်တော်တို့သည် နောက်မျိုးဆက်သစ်များအတွက်လေ့ကျင့်ပေးခဲ့သည်။ (တိမောသေဒုတိယစာစောင်)

### သစ္စာရှိသောသူများကိုလေ့ကျင့်သင်ကြားပေးခြင်း (၂တိ၊ ၂း၂)

၁။ ရှင်ပေါလု၏ သွန်သင်ချက်တွင် အားကိုးစိတ်ချထိုက်သော ပုဂ္ဂိုလ်သည် မည်သည့်ပုဂ္ဂိုလ်ဖြစ်သနည်း။ (၂း၂) ___

___

၂။ ထိုသူတို့သည် ကောင်းမွန်စွာ မည်သည့်အရာကို လုပ်ဆောင်နိုင်မည်နည်း။ (၂း၂) ___

ထိုသူတို့သည် အခြားသူတို့ကိုကောင်းမွန်စွာသွန်သင်နိုင်ခြင်းသည် အဘယ်ကြောင့်အရေးကြီးသနည်း။ ___

___

### တိမောသေ၏တာဝန်ဝတ္တရားများ (၂တိ၊ ၄း၁-၅)

၃။ ရှင်ပေါလုသည် တိမောသေလုပ်ဆောင်ဘို့ရန် မည်သည့်တာဝန်များ ပေးခဲ့သနည်း။ (၄း၁-၂) ___

___

___

ထိုတာဝန်ဝတ္တရားတို့သည် အဘယ်ကြောင့် အရေးကြီးသနည်း။ (၄း၃-၅) ___

___

___

### ရှင်ပေါလု၏နှုတ်ဆက်စကား (၂တိ၊ ၄း၆-၁၈)

၄။ ရှင်ပေါလု၏ အတိတ်ဘဝနှင့်ပတ်သက်၍ သူ၏အမြင်သည် မည်သည့်အရာဖြစ်သနည်း။ (၄း၆-၇) ___

___

၅။ ရှင်ပေါလုသည် သူ၏အနာဂတ်အသက်တာနှင့်ပတ်သက်၍သူ၏အမြင်သည် မည်သည့်အရာဖြစ်သနည်း။ (၄း၈) ___

___

၆။ ရှင်ပေါလု၏တပည့်ဖြစ်သူ ဒေမထံတွင် မည်သည့်အရာများ ဖြစ်ပျက်ခဲ့သနည်း။ (၄း၉-၁၀) ___

___

၇။ တမန်၊ ၁၅း၃၇-၄၀ တွင် မည်သည့်အရာဖြစ်ပျက်လာသနည်း။ ရှင်ပေါလုသည် ယခုတွင်မာကုကို အဘယ်ကြောင့် အလိုရှိသနည်း။ ___

___

၈။ ရှင်ပေါလုသည် အာလေဇန္ဒြုကို မည်သို့ကိုင်တွယ်ခဲ့သနည်း။(၄း၁၄-၁၅) ___

**ဆွေးနွေးချက်။** သစ္စာရှိသောသူများကို သွန်သင်ပေးနိုင်ရန်အတွက် သစ္စာရှိသောခေါင်းဆောင်များကိုသွန်သင်ခြင်းသည် အဘယ်ကြောင့်ပို၍ အရေးကြီးသနည်း။ ___

___

**လက်တွေ့ကျင့်သုံးခြင်း။** အခြားသောသူတို့ကို ကောင်းမွန်စွာ သွန်သင်နိုင်ရန်အတွက် သစ္စာရှိသောသူကို သင်သည် သွန်သင်နေပါသလား၊ အကယ်၍မသွန်သင်ပါက၊ အဘယ်ကြောင့် သွန်သင်မှုကိုမပြုခဲ့သနည်း။ သင်သွန်သင်နိုင်မည့် တိမောသေတစ်ယောက်ကို ရှာဖွေ၍ ဆုတောင်းခြင်းဖြင့် ဆက်ကပ်ရန် ဆန္ဒရှိပါသလား။ ___

___

___

## သင်ခန်းစာ(၁၁)
## ဘုရားသခင်သည် အစိကကျသောခေါင်းဆောင်တို့ကို ခေါ်ယူခြင်း

### ၁။ ဘုရားသခင်သည် မထင်မှတ်သောခေါင်းဆောင်များကိုရွေးချယ်ခဲ့သည်။

ဘုရားသခင်သည် ခေါင်းဆောင်များကိုရွေးချယ်ခေါ်ယူရာ၌လောက၏စံနှုန်းနှင့်အဆင့်အတန်းအပေါ်အခြေမခံပါ။ ခမည်းတော်၏အလွန်အရေးကြီးသောအမှုတော်အတွက် ယေရှုသည်တပည့်တော်(၁၂)ပါးအားရွေးချယ်သောအခါ၊ မည်သူတစ်ဦးတစ်ယောက်မှ "ဘာသာရေးအသိုက်အဝန်းထဲ"မှ မပါဝင်ကြပါ။ ပို၍သေချာစေသည်မှာ၊ ဘုရားသခင်၏ ခေါင်းဆောင်မှုရွေးချယ်ခြင်းနည်းလမ်းသည် လူတို့၏လောကနည်းလမ်းနှင့်ကွဲပြားခြားနားနေသည့်ကို သမ္မာကျမ်းစာ တစ်လျှောက်လုံးတွင် တွေ့ရပါမည်။

၁။ ၁ကော၊ ၁း၂၆ အရ၊ ဘုရားသခင်သည် မည်ကဲ့သို့သောညီအစ်ကိုများကိုခေါ်ယူခြင်းမပြုခဲ့သနည်း။ ______________

______________________________________________

၂။ ၁ကော၊ ၁း၂၇-၂၈ အရ၊ ဘုရားသခင်သည် မည်သူ့ကိုရွေးချယ်ခဲ့သနည်း။ ______________________

______________________________________________

၃။ ၁ကော၊ ၁း၂၉ အရ၊ ဘုရားသခင်သည် မည်ကဲ့သို့သောပုဂ္ဂိုလ်မျိုးကို ခေါ်ယူရွေးချယ်ခဲ့သနည်း။ ______________

______________________________________________

၄။ တရား၊ ၆း၁၁ တွင်၊ ကောင်းကင်တမန်သည်ဂိဒေါင်ထံတွင်ထင်ရှားသောအခါ၊ ဂိဒေါင်သည် မည်သည့်အလုပ်ကိုလုပ်နေပါသနည်း။ ______________________________________

______________________________________________

______________________________________________

၅။ တရား၊ ၆း၁၅ အရ၊ ဂိဒေါင်သည်ဘုရားသခင်၏ခေါ်သံကို မည်ကဲ့သို့တုန့်ပြန်ခဲ့သနည်း။ ______________

______________________________________________

______________________________________________

၆။ တရား၊ ၆း၁၆ အရ၊ ဘုရားသခင်သည် ဂိဒေါင်အား မည်ကဲ့သို့တုန့်ပြန်ခဲ့သနည်း။ ______________________

______________________________________________

၇။ တရား၊ ၇း၂ အရ၊ လူပေါင်း ၃၂၀၀၀ သည် မိဒျန်လူမျိုးထောင်ပေါင်းများစွာကိုတိုက်ခိုက်ရန် အဘယ်ကြောင့်အလွန်များနေပါသနည်း။ ______________________________________

______________________________________________

၈။ တရား၊ ၇း၇ အရ၊ နောက်ဆုံးတွင် ဘုရားသခင်သည်တိုက်ခိုက်ဘို့ရန် ဂိဒေါင်အား လူပေါင်းမည်မျှထားရစ်ခဲ့သနည်း။

______________________________________________

၉။ ထွ၊ ၃း၁၁၊၄း၁၊၁၀၊၁၃ အရ၊ မောရှေသည် ဘုရားသခင်၏ခေါ်သံကိုတုန့်ပြန်ဘို့ရန်အသုံးပြုသောအရာတို့သည် မည်သည့်အရာများဖြစ်သနည်း။ ______________________________________

______________________________________________

______________________________________________

______________________________________________

______________________________________________

၁၀။ ထွ၊ ၃း၁၂၊၄း၁၁၊၁၂ အရ၊ ဘုရားသခင်သည် မောရှေအားမည်ကဲ့သို့တုန့်ပြန်ခဲ့သနည်း။

၁၁။ ၁ဓမ္မ၊ ၁၆း၆-၁၃ အရ၊ ဘုရားသခင်သည် ယေရှဲ၏သားဦးလည်းမဟုတ်သောသိုးကျောင်းသားဒါဝိဒ်ကို အဘယ်ကြောင့်ရွေးချယ်ခဲ့သနည်း။

၁၂။ ဘုရားသခင်၏ရွေးချယ်မှုပုံစံနှင့်လောကသားတို့၏ရွေးချယ်မှုပုံစံတို့၏ခြားနားချက်သည် မည်သည့်အရာများဖြစ်သနည်း။(၁ဓမ္မ၊ ၁၆း၇)

၁၃။ တ၊ ၄း၁၃ တွင်၊ ဘာသာရေးခေါင်းဆောင်များ၊ကျမ်းတတ်ပုဂ္ဂိုလ်များ၊ယဇ်ပုရောဟိတ်များတို့သည် ပေတရုနှင့်ယောဟန်တို့ကိုမည်ကဲ့သို့မှတ်ချက်ချသနည်း။

၁၄။ သူတို့သည်ပေတရုနှင့်ယောဟန်တို့အကြောင်းနှင့်ပတ်သက်၍ မည်သည့်အရာကိုသတိပြုမိကြသနည်း။(တ၊ ၄း၁၃)

**ဆွေးနွေးချက်။** ယနေ့ဘုရားသခင်သည် "မထင်မှတ်သောသူတို့ကိုခေါင်းဆောင်အဖြစ်" ရွေးချယ်နေသေးသည်ဟု သင်ထင်မြင်မိပါသလား။

ဘုရားသခင်သည် မိုက်မဲသောသူ၊ အားနည်းသောသူ၊ အောက်တန်းကျသောသူ၊ ငြင်းပယ်ခံရသောသူတို့အားရွေးချယ်ခြင်းကို အဘယ်ကြောင့်ဖြစ်မည်ဟုသင်ထင်မြင်ယူဆပါသနည်း။

**လက်တွေ့ကျင့်သုံးခြင်း။** ဘုရားသခင်သည်သင့်အားရွေးချယ်သည်မှာအဘယ်ကြောင့်ဖြစ်မည်ဟုသင်ယူဆပါသနည်း။

သင့်အားရွေးချယ်ခြင်းရည်ရွယ်ချက်အတွက် မည်ကဲ့သို့သင်သည်ပြည့်စုံစေမည်နည်း။

## ၂။ ဘုရားသခင်သည်အားကြီးသောခေါင်းဆောင်များကိုစစ်ဆေးခဲ့သည်။

နှုတ်ကပတ်တော်တခုလုံးတွင် တန်ခိုးကြီးမားစွာဖြင့်အသုံးပြုခြင်းခံရသောခေါင်းဆောင်များသည် ရှေးဦးစွာစစ်ဆေးခြင်းနှင့်အတည်ပြုချက်ရရှိကြသောသူများဖြစ်ပါသည်။စစ်ဆေးခြင်းတွင် လုပ်ဆောင်မှုနှင့်အသိပညာသည်အသုံးခံခြင်း၊စင်ကြယ်ခြင်းနှင့်တန်ခိုးတို့အတွက်အစားထိုး၍မရနိုင်ပါ။ ကျွန်ုပ်တို့လည်းစစ်ဆေးခြင်းနှင့်အားနည်းမှုများအတွက်ဝမ်းမြောက်စွာခံယူသောကြောင့် ပို၍ကြီးမားသောတန်ခိုး၊စင်ကြယ်ခြင်းနှင့်ဘုရားဘုန်းတော်အတွက်အသုံးတော်ခံနိုင်ပါမည်။

၁။ မဿဲ၊ ၃း၁၆ အရ၊ ယေရှုသည်နှစ်ခြင်းခံယူပြီးနောက်တွင်၊ သူ့အပေါ်သို့မည်သည့်အရာသက်ရောက်လာသနည်း။

______________________________

၂။ ယေရှုသည်နှစ်ခြင်းခံယူပြီးနောက်တွင်၊သန့်ရှင်းသောဝိညာဉ်တော်သည်ယေရှုအား မည်သည့်နေရာသို့ခေါ်ဆောင်သွားသနည်း။ (မဿဲ၊ ၄း၁) ______________________________

______________________________

အဘယ်ကြောင့်ခေါ်ဆောင်သွားသနည်း။ ______________________________

၃။ ယေရှုသည် သဲကန္တာရတောတွင် စစ်ဆေးခြင်းကာလကျော်လွန်ပြီးနောက်တွင်၊ မဿဲ၊ ၄း၁၇ အရ၊ သူသည်မည်သည့်နေရာမှစတင်လုပ်ဆောင်ခဲ့သနည်း။ ______________________________

၄။ မောရှေသည် နှစ်ပေါင်း(၁၂၀)အသက်ရှင်ခဲ့သည်။ အီဂျစ်ပြည်၌နှစ်ပေါင်း(၄၀)အသက်ရှင်ကြီးထွားလာပြီး၊ မောရှေသည်မည်ကဲ့သို့သောသူဖြစ်လာသနည်း။(ထွ၊ ၂း၁၀) ______________________________

၅။ မောရှေသည်နောက်နှစ်ပေါင်း(၄၀)ကို မည်သည့်နေရာတွင်အသုံးပြုခဲ့သနည်း။(ထွ၊ ၂း၁၅) ______________________________

အဘယ်ကြောင့်နည်း။ ______________________________

၆။ ထွ၊ ၃း၁ အရ၊ သဲကန္တာရတောထဲတွင်ရှိနေစဉ်၊ သူသည် မည်သည့်အရာကိုလုပ်ဆောင်ခဲ့သနည်း။ ______________________________

______________________________

၇။ "သဲကန္တာရစစ်ဆေးခြင်း" ကျော်လွန်ပြီးနောက်တွင်၊ မောရှေသည်သူ၏နောက်ဆုံးနှစ်(၄၀)ကို မည်ကဲ့သို့အသုံးပြုခဲ့သနည်း။ (ထွ၊ ၃း၁၀) ______________________________

______________________________

______________________________

၈။ (မာကု၊ ၁၄း၂၆-၃၁) သူတို့အားလုံးသည် "စိတ်ပျက်ကြလိမ့်မည်" ဟုယေရှုပြောသောအခါ၊ ပေတရုကမည်သည့်အရာကိုပြောခဲ့သနည်း။ ______________________________

______________________________

______________________________

၉။ မာကု ၁၄း၇၂ အရ၊ ပေတရုသည်သူ၏စစ်ဆေးခံရမှုမအောင်မြင်သောအခါ၊ မည်သည့်အရာဖြစ်ပျက်လာသနည်း။

______________________________

၁၀။ တမန်၊ ၂း၃၈-၄၁ အရ၊ပေတရုသည်သူ၏စစ်ဆေးခံရမှုကိုကြံ့ကြံ့ခံရပ်တည်သောအခါ၊မည်သည့်ရလဒ်များ ရရှိခဲ့သနည်း။

______________________________

______________________________

______________________________

၁၁။ ၁သက်၊ ၁း၆ အရ၊ သက်သာလောနိတ်မြို့သူမြို့သားတို့သည် နှုတ်ကပတ်တော်ကို မည်သို့လက်ခံကြသနည်း။ ______

______________________________

______________________________

၁၂။ ၁သက်၊ ၁း၇-၈ အရ၊ သူတို့၏စစ်ဆေးခြင်းနှင့်ပြဿနာတို့ကိုရင်ဆိုင်ရပြီးနောက်မည်သည့်ရလဒ်များရရှိခဲ့သနည်း။

၁၃။ ၂ကော၊ ၁၂း၇ အရ၊ အဘယ်ကြောင့် ရှင်ပေါလုသည် စုံစမ်းစစ်ဆေးခြင်းခံရသနည်း။

၁၄။ ရှင်ပေါလုအားပေးထားသော “ဆူး” နှင့်ပတ်သက်၍ရှင်းပြပါ။(၂ကော၊ ၁၂း၇)

၁၅။ ‘ဆူး’ ကိုဖယ်ထုတ်မည့်အစား၊ သခင်ဘုရားသည် ရှင်ပေါလုအား မည်သည့်အရာကိုပေးခဲ့သနည်း။(၂ကော၊ ၁၂း၉)

၁၆။ ဘုရားသခင်၏တန်ခိုးတော်သည် ယုံကြည်သူအသက်တာ၌ မည်သည့်အရာကိုလုပ်ဆောင်သနည်း။(၂ကော၊ ၁၂း၉)

၁၇။ ထိုကြောင့် ရှင်ပေါလုသည် သူ၏အားနည်းချက်နှင့်ပတ်သက်၍ အဘယ်ကြောင့်ကြွားဝါသနည်း။(၂ကော၊ ၁၂း၉)

၁၈။ ၂ကော၊ ၁၂း၁၀ အရ၊ ရှင်ပေါလု၏ရောင့်ရဲခြင်းနှင့်အထူးနှစ်သက်ရမည့်အရာသည် မည်သည့်အရာမျိုးဖြစ်သနည်း။

**ဆွေးနွေးချက်။** ဘုရားသခင်သည် သူ၏အစေခံခေါင်းဆောင်တို့အား စမ်းသပ်စစ်ဆေးခြင်းကိုသင်မည်သို့ထင်မြင်ယူဆပါသနည်း။

**လက်တွေ့ကျင့်သုံးခြင်း။** သင်သည်စုံစမ်းစစ်ဆေးခြင်းကိုအမြဲခံနေရပါသလား။ ______ ယင်းသည် သင့်၏သာသနာလုပ်ငန်းပြင်ဆင်မှုအတွက် အထောက်အကူဖြစ်ပါသလား။ ______ ယင်းသည်သင့်အား မည်ကဲ့သို့ပြင်ဆင်ဆောင်ရွက်ပေးသနည်း။

## ၃။ ဘုရားသခင်သည် ထိရောက်သောခေါင်းဆောင်များကိုပြင်ဆင်ဆောင်ရွက်ပေးခဲ့သည်။

ရှင်ပေါလုသည် တပါးအမျိုးသားတို့အားဧဝံဂေလိတရားဝေငှရာ၌ အောင်မြင်မှုရရှိရန်သူအားကူညီပေးသော အဓိကကျသည့် လုပ်ဖော်ဆောင်ဖက်များနှင့်မိမိကိုယ်ကိုဝန်းရံထားသည်။ရှင်ပေါလုအသက်တာသို့ဘုရားသခင်ပို့ဆောင် ပေးသောလူတိုင်းသည်အသင်းတော်တည်ထောင်သူနှင့်ခေါင်းဆောင်မှုတို့တွင်အထူးကျွမ်းကျင်သောရှင်ပေါလုကို ပံ့သွင်းပေးရာ၌ အင်မတန်မှအသုံးဝင်ပြီး၊ စနစ်ကျလှသည်။ အသင်းတော်တည်ထောင်ခြင်းနှင့်အသင်းတော်အားပြန်လည် သစ်လွင်ခြင်းဆိုင်ရာတို့တွင်အောင်မြင်မှုရရှိရန် ပံ့သွင်းရာတွင် သင့်အသက်တာ၌လည်းထိုသို့သောပုဂ္ဂိုလ်များလိုအပ်ပါသည်။

၁။ ဘုရားသခင်သည်ရှင်ပေါလု၏အသက်တာပြောင်းလဲဘို့ရန်သတေဖန်၏ခွင့်လွှတ်ခြင်းသက်သေခံချက်ကိုအသုံးပြုခဲ့ခြင်း နှင့် ပတ်သက်၍သင်မည်သို့ထင်မြင်ယူဆပါသနည်း။(တမန်၊ ၇း၅၈-၆၀) ______________________________

______________________________

______________________________

၂။ တမန်၊ ၉း၂၆-၂၇၊ ၁၁း၂၅-၂၆ အရ၊ ဗာနဗသည် ရှင်ပေါလု၏အသက်တာတွင် မည်သည့်အခန်းကဏ္ဍမှပါဝင်ခဲ့သနည်း။

______________________________

______________________________

၃။ ၂တိ၊ ၂း၂ အရ၊ ရှင်ပေါလုအသက်တာတွင် တိမောသေ၏ပါဝင်ဆက်ကပ်မှုနှင့်အခန်းကဏ္ဍတို့မှာ မည်သည့်အရာများ ဖြစ်သနည်း။ ______________________________

______________________________

______________________________

၄။ ၂တိ၊ ၄း၁၁ အရ၊ မာကုသည် ရှင်ပေါလုဒအသက်တာနှင့်အမှုတော်လုပ်ငန်းတွင် မည်သည့်ကဏ္ဍမှပါဝင်ခဲ့သနည်း။

______________________________

၅။ ယခင်ကသူတို့သည်တစ်ကြိမ်လမ်းခွဲခဲ့ကြဘူးသော်လည်း၊ မာကုသည် ရှင်ပေါလုအတွက်အသုံးဝင်သူဖြစ်လာသည်ကို သင်သည် မည်သို့ထင်မြင်ယူဆပါသနည်း။ ______________________________

______________________________

၆။ လုကာသည် တမန်တော်ဝတ္ထုကိုရေးသားခဲ့သည်ကိုကျွန်ုပ်တို့သိရှိကြပါသည်။ သို့သော် ရှင်ပေါလုသည်လုကာအား သူနှင့်အတူ ရှိနေစေခြင်း၏အခြားသောအကြောင်းအရင်းမှာ မည်သည့်အရာဖြစ်သနည်း။(၂တိ၊ ၄း၁၁) ________

______________________________

၇။ ၂တိ၊ ၄း၁၀နှင့်တိတု ၁း၅ အရ၊ တိတုသည် ရှင်ပေါလုအားမည်သို့ကူညီပေးခဲ့သနည်း။ ______________________________

______________________________

______________________________

၈။ ၂တိ၊ ၄း၁၀ တွင်၊ တိမောသေထံသို့သူ၏နောက်ဆုံးစာတွင် ရှင်ပေါလုသည် ဒေမအကြောင်းကိုဖော်ပြထားသည့်မှာ အဘယ်ကြောင့်နည်း။ ______________________________

______________________________

သင်၏တပည့်တော်များထဲမှတစ်ယောက်သောသူသည်ထွက်ခွါပြီး၊ လောကသို့ပြန်သွားသောသူ သင့်ထံတွင်ရှိခဲ့ပါသလား။

______________________________

ယင်းသည်သင့်အားမည်သို့ခံစားစေသနည်း။ ______________________________

______________________________

၉။ ၂တိ၊ ၄း၁၄-၁၅ တွင်၊ ရှင်ပေါလုသည်အလက်ဇန္ဒြားအကြောင်းကိုဖော်ပြသည့်မှာအံ့ဘွယ်ကောင်းပါသည်၊ သင်မည်သို့ ထင်မြင်မိပါသနည်း။ ______________________________

______________________________

______________________________

သင့်အသက်တာနှင့်အမှုတော်လုပ်ငန်းတွင် အလက်ဇန္ဒြားကဲ့သို့သော်ပုဂ္ဂိုလ်ရှိပါသလား။ __________
ရှင်ပေါလုသည် အလက်ဇန္ဒြားကို မည်သို့ကိုင်တွယ်ခဲ့သနည်း။ __________

__________

၁၀။ လူတိုင်းနီးပါးသည်ရှင်ပေါလုကိုစွန့်ခွါသွားခဲ့သည်။(၂တိ၊ ၁း၁၅၊ ၄း၁၆) သို့သော် ၂တိ၊ ၄း၁၇-၁၈ အရ သူ၏နာဘေးတွင် ရပ်တည်ပေးနေသောသူသည် မည်သူဖြစ်သနည်း။ __________

__________

အဘယ်ကြောင့်နည်း။ __________
သူ့အသက်တာနှင့်သာသနာလုပ်ငန်းတွင်ဘုန်းကြီးခြင်း၊ဂုဏ်ပြုခြင်းနှင့်အလေးအမြတ်ထားခြင်းတို့ကိုရှင်ပေါလုသည် မည်သူကိုရရှိစေလိုသနည်း။(၂တိ၊ ၄း၁၈) __________

**လက်တွေ့ကျင့်သုံးခြင်း။** သင့်အသက်တာတွင် **ဗာနဗ** ကဲသို့သောသူ ရှိပါသလား။ __________ သင့်အသက်တာတွင် အားပေးတိုက် တွန်းသူတစ်ဦးအလိုရှိသည်မှာ အဘယ်ကြောင့်နည်း။(တမန်၊ ၄း၃၆၊၉း၂၇) __________

__________

__________

သင့်အသက်တာတွင် **ရှင်ပေါလု** ကဲသို့သောသူရှိပါသလား။ __________ သင့်အသက်တာတွင် ရှင်ပေါလုကဲ့သို့ပို၍ ရင့်ကျက်သောတစ်စုံတစ်ဦးလိုအပ်နေသည်မှာအဘယ်ကြောင့်နည်း။ __________

__________

__________

သင့်အသက်တာတွင်**တိမောသေ** ကဲ့သို့သောသူရှိပါသလား။ __________ သင့်အသက်တာတွင် တပည့်တော်တစ်ဦး(သို့) တိမောသေတစ်ဦးအဘယ်ကြောင့်လိုအပ်နေသနည်း။ __________

__________

__________

သင့်အသက်တာတွင် **မာကု** ကဲ့သို့သောသူရှိပါသလား။ __________ သင့်အသက်တာတွင်အသုံးဝင်သောမာကုကို တစ်ဖန် မည်သို့ရရှိနိုင်မည်နည်း။ __________

__________

__________

သင့်အသက်တာတွင် **ဒေမ** ကဲ့သို့သောသူရှိပါသလား။ __________ အဝေးသို့ထွက်ခွါသွားသောတပည့်တစ်ဦးထံမှ သင်သည်မည်သည့်အရာကိုသင်ယူနိုင်မည်နည်း။ __________

__________

သင့်အသက်တာတွင် **အလက်ဇန္ဒြား**ကဲ့သို့သောသူတစ်ဦးရှိသည်ဟုခံစားရပါသလား။ __________
သင့်အားထိခိုက်နာကျင်စေသော သူတို့ကိုကိုင်တွယ်ရာတွင် ရှင်ပေါလုထံမှသင်သည် မည်သည့်အရာကို လေ့လာသင်ယူနိုင်မည်နည်း။ __________

__________

__________

အကယ်၍သင့်အားတစ်စုံတစ်ယောက်သောသူသည်မေ့လျော့ပါက၊ အစဉ်အမြဲသင်နံဘေးတွင်အကာအကွယ်ပေးပြီး၊ အိမ်သို့လုံခြုံစွာပို့ဆောင်နိုင်မည့်သူသည် မည်သူဖြစ်သနည်း။ __________ ၂တိ၊ ၄း၁၇-၁၈ ထပ်ခါတလဲလဲ ဖတ်ကြည့်ပါ။

## ၄။ ဘုရားသခင်သည်အစေခံခေါင်းဆောင်များကိုအသုံးပြုခဲ့သည်။

အစေခံခေါင်းဆောင်ဆိုသည်မှာ ယနေ့အသင်းတော်တွင်နိုင်ငံခြားမှလာသောအတွေးအခေါ် တစ်ခုဖြစ်နေသည်။ အသင်းတော်တွင်အံ့သြစရာကောင်းသည့်အရာမှာ သက်ဝင်ယုံကြည်မှုအားလုံးတို့တွင်အနိမ့်ချဆုံးဖြစ်သော်လည်း၊ အာဏာကိုအလိုရှိကာ၊ မိမိအလိုကိုရှာဖွေသောအဖွဲ့အစည်းများအဖြစ်ယှဉ်ပြိုင်ကာပို၍အင်းအားခဲ့လာရန် နှင့်ပို၍ကောင်းလာရန် ယှဉ်ပြိုင်သောအဖွဲ့အစည်းဖြစ်လာသည်။ ယခုတွင်၊ ဘုရားသခင်ပြောသောစစ်မှန်သောသမ္မာကျမ်းနှင့်ဆိုင်သော ခေါင်းဆောင်၏အနက်အဓိပ္ပါယ်ကိုလေ့လာသင်ယူကာ၊ နားထောင်ရန်ဖြစ်သည်။

၁။ ယောဟန်၊ ၁၃း၃၀ တွင် အစေခံခေါင်းဆောင်မှုနှင့်ပတ်သက်၍နှစ်ခြင်းဆရာယောဟန်သည် ကျွန်ုပ်တို့အားသွန်သင်ပေးသောနိယာမသော့ချက်တို့သည်မည်သည့်အရာများဖြစ်သနည်း။ ______

အကယ်၍ ယနေ့ထိုအရာကိုအသုံးပြုမည်ဆိုပါက၊ သင့်အသက်တာနှင့်အမှုတော်လုပ်ငန်းတွင် ယင်းသည် မည်ကဲ့သို့ဖြစ်လာမည်နည်း။ ______

၂။ မဿဲ၊ ၁၁း၂၈-၃၀ တွင်၊ အစေခံခေါင်းဆောင်ခြင်းနှင့်ပတ်သက်၍ယေရှုထံမှ သင်သည် မည်သည့်အရာကိုသင်ယူနိုင်မည်နည်း။ ______

၃။ မဿဲ ၂၀း၂၅-၂၈၊ မာကု ၁၀း၃၅-၄၅၊ လုကာ ၂၂း၂၄-၂၇ အရ၊ ယေရှု၏တပည့်တော်များထဲတွင် အကြီးမြတ်ဆုံးနှင့် ပထမဆုံးသောသူသည် မည်သူဖြစ်သနည်း။ ______

အဘယ်ကြောင့်ယေရှုကြွလာရသနည်း။(လုကာ၊ ၂၂း၂၇) ______

၄။ မဿဲ၊ ၂၃း၁၁-၁၂ အရ၊ ထိုသူတို့အထဲမှအကြီးမြတ်ဆုံးသောသူသည် မည်သူဖြစ်မည်နည်း။ ______

မိမိကိုယ်ကိုချီးမြှောက်သောခေါင်းဆောင်တို့တွင် မည်သည့်အရာဖြစ်ပျက်လာသနည်း။(မဿဲ၊ ၂၃း၁၂) ______

၅။ မာကု၊ ၉း၃၅-၃၇ အရ၊ တစ်စုံတစ်ယောက်သောသူသည်အကြီးမြတ်ဆုံးသောသူဖြစ်လိုပါက၊ ကျမ်းစာအရသူသည် မည်သည့်အရာကိုလုပ်ဆောင်သင့်သနည်း။ ______

တစ်စုံတစ်ယောက်သည် သူငယ်ကို ကိုယ်တော်၏နာမ၌လက်ခံသောအခါ၊ ယေရှုသွန်သင်သောအရာသည် မည်သည့်အရာဖြစ်သနည်း။(၉း၃၇) ______

၆။ ယောဟန် ၁၃း၁၂-၂၀ အရ၊ ယေရှုသည်တပည့်တော်များ၏ခြေကိုဆေးရခြင်းမှာအဘယ်ကြောင့်နည်း။ ______

သင်သည် “ခြေဆေးခြင်းမင်္ဂလာ” ကို တွေ့ကြုံခံစားဘူးပါသလား။ ____________ ယနေ့အသင်းတော်တွင် မကြာခဏ ထိုအရာကိုလက်တွေ့မကျင့်သုံးပါသနည်း။ ____________

၇။ ၁သက်၊ ၂း၂-၁၂ တွင်၊ ရှင်ပေါလုသည် ထိုသူတို့အထဲတွင် မည်သို့အသက်ရှင်ခဲ့သနည်း။ ____________

____________

၈။ ၁ကော၊ ၁း၂၆-၂း၅ အရ၊ ဘုရားသခင်ကိုမကြာခဏခေါ်သောသူသည်မည်သူဖြစ်သနည်း။ ____________

အဘယ်ကြောင့်နည်း(၁း၂၉) ____________

ရှင်ပေါလုသည် သိနားလည်ရန် ဆုံးဖြတ်သောအရာက မည်သည့်အရာဖြစ်သနည်း။(၂း၂) ____________

ရှင်ပေါလုသည် ထိုသူတို့အထဲတွင် မည်သို့အသက်ရှင်ခဲ့သနည်း။ ____________

____________

____________

၉။ ဖိလိပ္ပိ၊ ၂း၃-၁၁ အရ၊ ရှင်ပေါလုသည် အစေခံခေါင်းဆောင်အကြောင်းကို မည်သို့ဖေါ်ပြခဲ့သနည်း။ ____________

____________

____________

ရှင်ပေါလုသည် မည်သူ၏စိတ်ထားကိုရရှိခဲ့သနည်း။(၂း၅-၁၁) ____________

ခရစ်တော်၏စိတ်ထားကိုဖေါ်ပြပါ။ ____________

____________

____________

၁၀။ ၁ပေ၊ ၅း၅-၇ အရ၊ ဘုရားသခင်သည်ဆီးတားတော်မူသောသူတို့သည်မည်သူများဖြစ်သနည်း။ ____________

ဘုရားသခင်သည်မည်သူတို့အားကျေးဇူးပြုသနည်း။(၁ပေ၊ ၅း၅) ____________

ထိုကြောင့်ကျွန်ုပ်တို့၏တုန့်ပြန်မှုသည် မည်သည့်အရာဖြစ်သင့်သနည်း။(၁ပေ၊ ၅း၆-၇) ____________

____________

**ဆွေးနွေးချက်။** အချို့သောအခြေအနေများတွင်၊ အကျင့်ပျက်ယိုယွင်းခြင်းနှင့်ယုတ်ညံ့သောသဒ္ဓါတရားတို့သည် ယနေ့အသင်းတော်တွင်မည်သို့ရှိလာကြသနည်း။ ____________

____________

____________

____________

**လက်တွေ့ကျင့်သုံးခြင်း။** သင့်အသက်တာနှင့်အသင်းတော်တွင် အစေခံခေါင်းဆောင်ခြင်းနှင့်ပတ်သက်၍ ပြန်ဖေါ်ဆောင်နိုင်ရန်၊ ယနေ့သင်လုပ်နိုင်သောအရာတို့သည် မည်သည့်အရာများဖြစ်သနည်း။ ____________

____________

____________

____________

နောက်စာမျက်နှာတွင်၊ အသင်းတော်တွင်အကျိုးသက်ရောက်မှုနှင့်ကျယ်ပြန့်ခြင်းကို ဟန့်တားစေသောအရာနှင့် အားနည်းစေသောအရာတို့နှင့်ပတ်သက်၍ ယနေ့အစေခံခေါင်းဆောင်ခြင်း၌ကျဆုံးခဲ့သောအချက်(၄)ချက်ကို ကျွန်ုပ်တို့စဉ်းစားကြပါစို့။

# စီမံကိန်း E
# ကနဦးအသင်းတော်နှင့်ယနေ့ခေါင်းဆောင်မှုသင်တန်းတို့၏ကွဲပြားခြားနားချက်

၁။ အခန်း(၁)တွင်၊ အသင်းတော်များနှင့်ခိုင်ခန့်သောခေါင်းဆောင်များ စတင်တည်ဆောက်ဘို့ရန် ဘုရားသခင်သည် ကျွန်ုပ်တို့လိုအပ်သောအရာအားလုံးကိုပေးအပ်ထားပါသည်ဟု ကျွန်ုပ်တို့အဆုံးသတ်ခဲ့သည်။ ၂တိ၊ ၃း၁၆-၁၇ တွင် ဘုရားသခင်၏လူကိုကောင်းမွန်စွာလေ့ကျင့်တပ်ဆင်ရန် နှုတ်ကပတ်တော်သည်သာလျှင်လုံလောက်သောပြည့်စုံမှုရှိကြောင်းကို ရှင်းလင်းထားပါသည်(၁၇)။ ယနေ့အသင်းတော်၏အားနည်းနေသောခေါင်းဆောင်မှုအတွက် ဆောင်ရွက်ရန်၊ နှုတ်ကပတ်တော်သာလျှင်ပြည်စုံလုံလောက်မှုရှိခြင်းကို သတိပြုမိကာ၊ လက်တွေ့ကျင့်သုံးရန် အသင်းတော်များအားနည်းခြင်းအကြောင်းသည် အဘယ်ကြောင့်နည်း။ ________________

________________

________________

________________

၂။ မိသားစုစိတ်ဓါတ်နှင့်ကျမ်းစာတွင်ရှိသောသူတို့၏တာဝန်တို့ကိုသတိပြုမိရန် ယနေ့အသင်းတော်များစွာက မေ့လျော့နေကြပါသည်။ အားနည်းသောခေါင်းဆောင်မှုအတွက် ယနေ့အသင်းတော်များသည် စီပွါးရေးလုပ်ငန်းနှင့် အဖွဲ့အစည်းလုပ်ငန်းကဲ့သို့သောကျင့်သုံးမှုများကိုသွတ်သွင်းနေကြသည်မှာအဘယ်ကြောင့်နည်း။ ________________

________________

________________

၃။ ကနဦးအသင်းတော်ရှိ ဘုရားကိုကြောက်ရွံ့သောအစေခံခေါင်းဆောင်မှုနှင့်ဝိညာဉ်တော်နှင့်ပြည့်ဝခြင်းတို့ထက် ယနေ့အသင်းတော်များတွင် သင်တန်းကျောင်းနှင့်စကားပြောကျွမ်းကျင်မှုပညာနှင့်ဆိုင်သောခေါင်းဆောင်မှုတို့ကို မကြာခဏပို၍လက်ခံလာကြသည်မှာ အဘယ်ကြောင့်နည်း။ ________________

________________

________________

________________

၄။ ယေရှုနှင့်ရှင်ပေါလုတို့၏နည်းဗျူဟာသည် တပည့်တော်တို့ကို'ထားရှိခြင်း'(သို့)'စေလွှတ်ခြင်း'လား။ ________________

၅။ ယေရှုနှင့်အန္တိအုတ်အသင်းတော်၌သူတို့ပြုလုပ်သကဲ့သို့၊ တပည့်တော်များကိုစေလွှတ်မည့်အစား၊ လက်ဝယ်တွင် ထားရှိခြင်းကို ယနေ့အသင်းတော်အများစုကလိုလာကြပါသည်။ ယနေ့တပည့်တော်များ ကိုလက်ဝယ်တွင်ထားရှိရေး ကို ပို၍လိုလာပြီး၊ လက်ခံနေကြသည်မှာသင်မည်သို့ထင်မြင်မိပါသနည်း။ ________________

________________

________________

________________

**မှတ်ချက်။** သတိပြုရန်စကာလုံးတစ်ခုမှာ သမ္မာတရားနှင့်ဆီလျော်စွာအရာအားလုံးကိုလုပ်ဆောင်သည့်အခါ အထူးသဖြင့် အစေခံခေါင်းဆောင်မှုကိုတိုးတက်ဖွံ့ဖြိုးစေခြင်းနှင့်လေ့ကျင့်ထားသူများကိုစေလွှတ်ခြင်းတို့တွင် သမ္မာတရားအတိုင်းရလဒ်ကို တိုင်းတာသင့်သည်။ အကယ်၍သင့်သည်သမ္မာတရားနှင့်ဆိုင်သောခေါင်းဆောင်ကြီးထွားမှုကို လောကစံနှုန်းဖြင့် တိုင်းတာပါက၊ ကျေနပ်မှုနှင့်အားရမှုရှိမည်မဟုတ်ပါ။

*အခန်း ၅ မသွားခင်မှာ၊ အခန်း ၁ ၂ ၃ နှင့် ၄ တို့ကို ပြန်လည်လေ့လာကြပါစို့။ အခန်း ၅ အားဖြင့် အောက်ပါ ကွက်လပ်များကိုပြန်၍မကြည့်ဘဲဖြည့်စွက်ကြည့်ပါ။ (အကယ်၍သင်သည်ရေးသားဘို့ရန် ပို့မို့လိုအပ်ပါက၊ ပုံတေးရှိစာမရေးသားသောနေရာများတွင်ရေးနိုင်ပါသည်။)*



# အခန်း ၅
# ကျွန်ုပ်တို့အတွက်စိန်ခေါ်ချက် ခိုင်ခန့်သောအသင်းတော်များ ဖွံ့ဖြိုးတိုးတက်စေခြင်း

## ခိုင်ခန့်သောအသင်းတော်တစ်ပါးအတွက် ဘုရားသခင်၏အကြံအစည်




ရှင်ပေါလုသည် မဟာဗိသုကာပညာရှင်ဖြစ်ပြီး၊ သူချခဲ့သောအခြေခံအုတ်မြစ်ပေါ်တွင် အခြားသူများက ထပ်ဆင့်တည်ဆောက်နိုင်သည်။ သူသည်အသင်းတော်သစ်များကိုတည်ထောင်ရန်သာစိတ်ဝင်စားခြင်းမဟုတ်ဘဲ၊ တည်ရှိပြီးသောအသင်းတော်များခိုင်ခန့်ခြင်းရှိလာရန်အတွက် စိတ်ဝင်စားသောသူဖြစ်သည်။ ရှင်ပေါလု၏သာသနာခရီးစဉ်ကို နောက်ဆက်တွဲ (စာ-၁၈၄-၁၈၅)တွင်ကြည့်ပါ။ သူသည် ဂ္ကုကောနိမြို့၊လုတ္တရမြို့နှင့်ဒေရဗေမြို့များကို အကြိမ်ပေါင်းမည်မျှလည်ပတ်ခဲ့သည့်ကိုတွေ့မြင်နိုင်ပါမည်။ ပထမအကြိမ်တွင် သတင်းကောင်းကိုဝေငှခြင်းဖြစ်သည်ဟုသိရှိထားသော်လည်း၊ အဘယ်ကြောင့် သူသည်ထပ်ခါတလဲလဲပြန်၍သွားရသနည်း။

ရှင်ပေါလုသည်ထိုမြို့များသို့သုံးကြိမ်ထက်မကစုစုပေါင်းလေးကြိမ်တိတိသွားခဲ့ပါသည်။ ပထမအကြိမ်တွင် သတင်းကောင်းဝေငှရန်ဖြစ်ပြီး၊ နောက်ပိုင်းသုံးကြိမ်တွင်အသင်းတော်များကိုခိုင်ခန့်စေရန်နှင့်တပည့်တော်များကို တည်ဆောက်ရန်ဖြစ်သည်။ ရှင်ပေါလုသည်အသင်းတော်များကိုခိုင်ခံ့စေရန်အတွက် စိတ်ဝင်စားသည့်အကြောင်းကို အထောက်အထားအနေဖြင့် ရှင်ပေါလုနှင့်လုကာတို့၏အသုံးပြုသောစာသားများတွင်တွေ့ရသည်။ ရှင်ပေါလုနှင့်လုကာတို့၏ အသုံးပြုသောစာသားဖြစ်သော *ခိုင်ခန့်စေခြင်းနှင့်အစပြုတည်ဆောက်ခြင်း*တို့ကိုအောက်ဖော်ပြပါကျမ်းပိုဒ်များတွင် တွေ့ရပါသည်။

လုကာအားဖြင့်၊ တမန် ၁၄း၂၁-၂၂၊ ၁၅း၄၁၊ ၁၆း၅၊ ၁၈း၂၃

ရှင်ပေါလုအားဖြင့် ရောမ ၁း၁၁-၁၂၊ ၁၆း၂၅-၂၇၊ ၁သက် ၃း၁-၃၊ ၂သက် ၂း၁၆-၁၇

"ခိုင်ခံ့စေခြင်း"(သို့)"အစပြုတည်ဆောက်ခြင်း" ဟူသောစကားလုံးသည်၊ ဂရိစကားလုံးများဖြစ်သော"sterizo"နှင့် "episterizo" တို့ဖြစ်သည်။ အဓိပ္ပါယ်မှာ "ခိုင်မာအောင်လုပ်ဆောင်သည်၊ ခိုင်ခံ့စေသည်(သို့)နေရာတွင်ခိုင်မြဲစေသည်"။ ထိုအသုံးပြုပုံသည် ရှင်ပေါလုအသင်းတော်များကို ဖြစ်စေလိုသောအဓိကအမြင်ကိုကျွန်ုပ်တို့အားရရှိစေသည်။ သူသည်ထိုသူတို့အား ဩဝါဒရေးရာတွင် ထိုသူတို့၏ယုံကြည်မှု၌ "ခိုင်မာအောင်လုပ်ဆောင်ခြင်း(သို့)နေရာတွင်ခိုင်မြဲစေခြင်း" ဖြစ်စေလိုသည်။ စာသားသဘောအရ၊ "ထောက်ပံ့ပေးခြင်း(သို့)ခိုင်မြဲစေခြင်းဖြစ်ပြီး၊ သို့မှသာခိုင်မြဲစွာရပ်တည်လာခြင်း(သို့) ရွှေ့လျား၍မရနိုင်ခြင်းတို့ဖြစ်သည်။" ဥပမာအားဖြင့်၊ မူရင်းစကားလုံးတွင် စပျစ်ပင်ကိုခိုင်ခန့်အောင်တွဲထားသော တုတ်ထောက်ကိုဆိုလိုသည်။ အောက်ပါပုံဆောင်ချက်ကြည့်ကြပါစို့။




**ယုံကြည်သူလူသစ်　တည်ဆောက်ခဲ့သော ယုံကြည်သူ၊ အသင်းတော်**

ထို့ကြောင့်၊ အလွယ်တကူလှုပ်ရှားမှုနှင့်တုန်လှုပ်ခြင်းများမရှိဘဲ၊ အသစ်တည်ထောင်သောအသင်းတော်များကို တည်ငြိမ်မှုနှင့်မိမိကိုယ်တိုင်ရပ်တည်နိုင်ခြင်းရှိရန်၊ ရှင်ပေါလု၏ဆန္ဒဖြစ်သည်။ တပည့်တော်သစ်များကို ခိုင်ခန့်စေရန်အတွက် ရှင်ပေါလုသည် ထိုအသင်းတော်များသို့ခရီးပြုခြင်းသက်သက်သာမဟုတ်ဘဲ၊ ထိုသူတို့အတွက်စာစောင်များကို လည်းရေးသားခဲ့သည်။

ရှင်ပေါလုသည် မဟာအသင်းတော်တည်ထောင်သူတစ်ယောက်ဖြစ်ပြီးသည့်အချိန်မှစ၍ သူ၏စာစောင်များကို သူ၏ခရီးစဉ်'ကိရိယာ'များဟုပြောစမှတ်ပြုကြပါသည်။ မဟာလက်သမားပညာရှင်တစ်ယောက်(သို့)စက်ပြင် တစ်ယောက်သည်လုပ်ငန်းတစ်ခုအတွက် အသုံးပြုရမည့်ကရိယာများသိနားလည်သောသူဖြစ်သည်။ ကျွမ်းကျင်သော အသင်းတော် တည်ထောင်သူသည် အသင်းတော်တောင့်တင်းလာရန်လုပ်ဆောင်ဘို့အတွက် အသုံးပြုရမည့်ကရိယာ များကိုသိသောသူများဖြစ်သည်။ အောက်တွင်ဖော်ပြထားသောရုပ်ပုံရှိကိရိယာများကိုကြည့်၍ တစ်ခုချင်းကို မည်သို့အသုံးပြုရမည်ကိုဖော်ထုတ်ပါ။



ဤမြင်တွေ့ရသောအရာသည်အင်မတန်ရိုးရှင်းလှပါသည်။ သင်းအုပ်ဆရာများ၊အမှုတော်ဆောင်များ၊ ဆရာသမားများတို့သည် သစ်သားကိုဖြတ်ဘို့ရန် သံတူကိုအသုံးပြုနေခြင်း(သို့)သံရိုက်ဘို့ရန်လွှကိုသုံးခြင်း(သို့)မူလီကိုနုတ်ဘို့ရန်ဝက်အူနှင့်ကြပ်နေခြင်းစသည့်တို့ကိုမြင်တွေ့နေရသည့်မှာအံ့သြစရာဖြစ်ပါသည်။ လက်သမားများ နှင့်စက်ပြင်ဆရာတို့သည် သူတို့၏လုပ်ငန်းတွင် ဆရာတစ်ဆူများဖြစ်လာသကဲ့သို့ အသင်းတော်ခေါင်းဆောင်များသည်လည်း အသင်းတော်တည်ထောင်သောဆရာတစ်ဆူဖြစ်လာရန်နှင့်တည်ဆောက်သောသူများသည် ကိုယ်တော်၏ကမ္ဘာတွင် ဘုရားသခင်အသုံးပြုသောကိရိယာများကိုအသုံးပြုရန်ဖြစ်သည်။ ကိုယ်တော်၏နှုတ်ကပတ်တော်အားဖြင့်အသင်းတော်တွင် တစ်စုံတစ်ယောက်ကြုံတွေ့နိုင်သော "တည်ဆောက်ခြင်း(သို့)စက်ပြင်ခြင်း" ဆိုင်ရာပြဿနာတို့အတွက် ကျွန်ုပ်တို့လိုအပ်သောကိရိယာတိုင်းကိုဘုရားသခင်သည်ပေးခဲ့ပြီးဖြစ်ပါသည်။ (၂တိ ၃း၁၆-၁၇) အသင်းတော်များခိုင်ခန့်ရန်ကျွန်ုပ်တို့အတွက်လိုအပ်သောကိရိယာများကို ဘုရားသခင်သည်ကြီးမားသောကျေးဇူးတော်နှင့်ပြည့်ဝသောကြွယ်ဝခြင်းအားဖြင့်ပြင်ဆင်ပေးထားခဲ့ပါသည်။

**ယင်းပုံစံသည် အသင်းတော်များအတွက် ရှင်ပေါလု၏စာစောင်များကို ရည်ညွှန်းထားပါသည်။ ကျမ်းစာတွင်လာသည့်အတိုင်း ကြည့်ကြပါစို့။**




**ယခုရှင်ပေါလု၏စာစောင်များကို ရာစုနှစ်အလိုက် အစဉ်တကျထားကြပါစို့။**




ယခုကျွန်ုပ်တို့တွင် ထိုအရာတို့ကိုရာစုနှစ်အစဉ်လိုက်အားဖြင့်ရှိပါသည်။ ယင်းတို့ကိုဓမ္မကြောင်းအရ(၃)ပိုင်းခွဲခြားနိုင်သည်။ ယင်းတို့မှာ အစောပိုင်းစာစောင်၊အလယ်ပိုင်းစာစောင်၊နှောင်းပိုင်းစာစောင်များဖြစ်သည်။ ထိုရာစုနှစ်အစဉ်လိုက်ထားရှိခြင်းတို့သည် အသင်းတော်သစ်များကိုတည်ထောင်ရာတွင်ခိုင်ခန့်စေရန် အသုံးပြုသောနည်းဗျူဟာတို့ကိုအထူးအံ့ဘွယ်ကောင်းသောအမြင်တို့ကိုပေးပါသည်။ **မှတ်ချက်၊** အချို့သောကျမ်းစာပညာရှင်များကသက်သာလောနိတ်သြဝါဒစာ ပထမနှင့်ဒုတိယစာစောင်တို့သည် ဂလာတိမတိုင်မီရေးသားခဲ့သည်ဟုပြောကြပါသည်။

ဥပမာအားဖြင့်၊သူ၏ပထမ(သို့)အစောပိုင်းစာစောင်များ(သို့)ကိရိယာများသည်ကျေးဇူးတော်၏သတင်းကောင်း ထဲ၌ယုံကြည်သူလူသစ်များကိုတည်ဆောက်ဘို့ရန် ရေးသားခဲ့ခြင်းဖြစ်သည်။ အောက်ပါအချက်အလက်များသည် သူ၏စာစောင် များကို ရာစုနှစ်အစဉ်လိုက်(သို့)အကြောင်းအရာအလိုက်ခွဲခြမ်းထားပြီး၊ ရှင်းလင်းစွာဖေါ်ပြထားခြင်ဖြစ်သည်။ (မှတ်ချက်၊ အသစ်တွေ့ရှိပြီးတည်ထောင်ခဲ့သောအသင်းတော်များအတွက် တိတိကျကျနှင့်အသက်တာ၏ စစ်မှန်သောအဖြစ်အပျက်ကို ရှင်ပေါလု၏စာစောင်များနှင့်ကိရိယာများက သန့်ရှင်းသောဝိညာဉ်တော်၏မှုတ်သွင်းမှု အောက်တွင် ရှင်းလင်းစွာဖေါ်ပြထားခြင်းဖြစ်သည်။)

ရှင်ပေါလု၏**အစောပိုင်းစာစောင်များ*(ကျေးဇူးတော်၏သတင်းကောင်းကိုတည်ဆောက်ရန်နှင့်ကာကွယ်ရန်အတွက် အသုံးပြုသောကိရိယာ)***

**ဂလာတိဩဝါဒစာ** သန့်ရှင်းသောဝိညာဉ်တော်၊ ယုံကြည်ခြင်းနှင့်စင်ကြယ်သောသတင်းကောင်းသို့ပြန်လှည့်လာခြင်း

**သက်သာလောနိတ်ဩဝါဒစာ ပထမနှင့်ဒုတိယစာစောင်** သတင်းကောင်း၌ခိုင်မြဲစွာရပ်တည်ခြင်း

**ကောရိန္တုဩဝါဒစာ ပထမစာစောင်** သတင်းကောင်းကိုအသုံးပြုခြင်းအားဖြင့်ကွဲပြားခြင်းကိုဖြေရှင်းပေးခြင်း

**ကောရိန္တုဩဝါဒစာ ဒုတိယစာစောင်** အမှုတော်လုပ်ငန်းနှင့်သတင်းကောင်းလုပ်ငန်းကိုခုခံပြောဆိုခြင်း

**ရောမဩဝါဒစာ** သတင်းကောင်း၏ပြီးပြည့်စုံသောအကျယ့်တဝင့်ရေးသားချက်နှင့်လုပ်ဆောင်ချက်တို့ကိုဝေငှခြင်း

ရှင်ပေါလု၏**အလယ်ပိုင်းစာစောင်များ*(ဘုရားသခင်၏ရည်ရွယ်ချက်နှင့်စီမံကိန်းတို့၌ တစ်စိတ်တစ်ကိုယ်တည်းရှိဘို့ ရန်၊ အသင်းတော်များအတွက် အသုံးပြုသောကိရိယာ)***

**ဧဖက်ဩဝါဒစာ** အသင်းတော်၏လျှို့ဝှက်နက်နဲသောအရာနှင့်ခရစ်တော်၏စီမံကိန်းကိုဖေါ်ထုတ်ခြင်း

**ဖိလိပ္ပိဩဝါဒစာ** အသင်းတော်၌တစ်စိတ်တစ်ကိုယ်တည်းရှိခြင်းနှင့်သတင်းကောင်း၌တိုးတတ်မှုတို့တွင်ပါဝင်ခြင်း

**ကောလောသဲဩဝါဒစာ** အသင်းတော်၏ဦးခေါင်းဦးထိပ်ထားမှုကိုထိန်းသိမ်းခြင်း

**ဖိလေမုန်ဩဝါဒစာ** သတင်းကောင်း၏တိုးတက်မှု၌ တစ်စိတ်တစ်ကိုယ်တည်းရှိသောဆက်ဆံရေးကိုဆက်နွယ်စေခြင်း

ရှင်ပေါလု၏**နောက်ပိုင်းစာစောင်များ *(ဘုရားသခင်၏အိမ်တော်ကိုစနစ်တကျထားရှိဘို့ရန်အတွက် အသုံးပြုသောကိရိယာ)***

**တိမောသေဩဝါဒစာ ပထမစာစောင်** သူ၏အသင်းတော်၊ ဘုရားသခင်အိမ်တော်၏ဒေသဆိုင်ရာဆက်ဆံရေးကို ကောင်းကောင်း မွန်မွန်စနစ်တကျရှိစေခြင်း

**တိတုဩဝါဒစာ** ခိုင်မာသောဩဝါဒတွင် အသင်းတော်များကိုပြည့်စုံစွာတည်ဆောက်ခြင်းအားဖြင့်၊ ကျန်ကြွင်းသော အရာများကိုသင့်လျှော်စွာနေရာချထားခြင်း

**တိမောသေဩဝါဒစာ ဒုတိယစာစောင်** မျိုးဆက်သစ်အတွက်ကောင်းမွန်စွာလေ့ကျင့်ပေးခြင်းဖြင့်၊ သစ္စာရှိသော ခေါင်းဆောင်များကို လက်ဆင့်ကမ်းပေးခြင်း

နောက်သို့မကြည့်ဘဲ၊ ရှင်ပေါလု၏စာစောင်(၁၃)စောင်ကို ရာစုနှစ်အလိုက်အောက်ပါကွက်လပ်တွင်ရေးသားပါ။




ဘုရားသခင်၏အိမ်တော်အခြေခံအုတ်မြစ်အတွက်ရာစုနှစ်အလိုက်တည်ဆောက်ခဲ့သောဆောက်လုပ်ရေးအုတ်ခဲများအဖြစ် ရှင်ပေါလု၏စာစောင်များကို သမ္မာကျမ်းခံယူချက်အရ သင်သည်ဖြေရှင်းပေးနိုင်ပါလိမ့်မည်။ အောက်ပါရေးဆွဲပုံကိုကြည့်ပါ။



## သင်ခန်းစာ(၁၂)
## အသင်းတော်များကိုခိုင်ခန့်စေခြင်း (သို့) တည်ဆောက်ခြင်း – ရှင်ပေါလု၏စာစောင်များ

ရှင်ပေါလုသည်အသင်းတော်တည်ထောင်ခြင်းတွင် မဟာဗိသုကာပညာရှင်ဖြစ်ပြီး၊ သူအုတ်မြစ်ချခံသောအရာပေါ်၌ အခြားသူများက ထပ်ဆင့်တည်ဆောက်နိုင်ပါသည်။ အသင်းတော်သစ်များကိုတည်ဆောက်ခြင်းတွင် သာအာရုံစိုက်ခြင်းမဟုတ်ဘဲ၊ တည်ဆောက်ပြီးသောအသင်းတော်များခိုင်ခန့်ခြင်းနှင့်တည်ဆောက်ခြင်းရှိရန်လိုလားသူဖြစ်သည်။ ဘုရား၏နှုတ်ကပတ်တော်တွင် အသုံးပြုထားသောစကားလုံး "ခိုင်ခန့်ခြင်းနှင့်တည်ဆောက်ခြင်း" တို့သည် ထိုအရာတို့၏သက်သေဖြစ်ပါသည်။




**လေ့လာသုံးသပ်ခြင်း။** ကျမ်းချက်များကိုအခြေခံ၍၊ ဘုရားသခင်၏နှုတ်ကပတ်တော်မှတပည့်တော်များနှင့်အသင်းတော်များခိုင်ခန့်စေခြင်းနှင့်တည်ဆောက်ခြင်းတို့နှင့်ပတ်သက်၍ သင်လေ့လာခဲ့သာအရာတို့ကိုရေးသားပါ။

လုကာ ၂၂း၃၂ ______________________________

______________________________

၁ပေ၊ ၁း၂၂-၂၅။ ၂ပေ ၁း၁၂ ______________________________

______________________________

______________________________

တ၊ ၁၄း၂၁-၂၃ ______________________________

______________________________

______________________________

တ၊ ၁၅း၃၆-၁၆း၅ ______________________________

______________________________

တ၊ ၁၈း၂၂-၂၃ ______________________________

______________________________

ရောမ၊ ၁း၈-၁၂

ရောမ၊ ၁၆း၂၅-၂၇

၁သက်၊ ၃း၁-၃

၁သက်၊ ၄း၁၂

၂သက်၊ ၂း၁၆-၁၇

၂သက်၊ ၃း၃

ဗျာ၊ ၃း၁-၂

**ဆင်ခြင်အောက်မေ့ခြင်း။** ကျမ်းချက်များကိုအခြေခံ၍၊ ဘုရားသခင်၏နှုတ်ကပတ်တော်မှလေ့လာသုံးသပ်ခဲ့သော အရာတို့ကို ခေတ်ကာလနှင့်ယဉ်ကျေးမှုတိုင်းတို့တွင် လူပုဂ္ဂိုလ်တိုင်း၊မိသားစုတိုင်းနှင့်အသင်းတော်တိုင်းလိုက်သင့်သည့် အဓိကကျသော အခြေခံနိယာမများနှင့်လုပ်ငန်းတာဝန်များကို အကျဉ်းချုပ်၍ဖော်ပြပါ။(တည်မြဲခြင်းနယာမ)

**ဆွေးနွေးချက်။** ဤအခြေခံနိယာမများကို ယနေ့တွေ့ကြုံရသော သင့်အသက်တာ၊မိသားစု၊အသင်းတော်နှင့်နှိုင်းယှဉ်ပါ။

ယခုမှစ၍သင့်အသက်တာ၊မိသားစုနှင့်အသင်းတော်၌မည်သည့်ပြောင်းလဲမှုများပြုလုပ်ရန်လိုအပ်ပါသနည်း။

**လက်တွေ့ကျင့်သုံးခြင်း။** ဤပြောင်းလဲမှုများကို သင့်အသက်တာ၊မိသားစုနှင့်အသင်းတော်များ၌ မည်သည့်အချိန်တွင် မည်ကဲ့သို့ လုပ်ဆောင်မည်နည်း။

## သင်ခန်းစာ(၁၃)
## အသင်းတော်များကိုတည်ဆောက်ခြင်း – ရှင်ပေါလု၏အစောပိုင်းစာစောင်များ အေဒီ ၄၈–၅၇

**ဂလာတိသြဝါဒစာစောင်သည်**ရှင်ပေါလုသည်ကျေးဇူးတော်၏သတင်းကောင်းထဲတွင်ယုံကြည်သူများ တည်ဆောက်ကြဘို့ရန် ရေးသားခဲ့ခြင်းဖြစ်သည်။ ထိုစာစောင်များ၏သွန်သင်ချက်များမှာ ယုံကြည်သူတစ်ဦးသည် ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့်ဖြောင့်မတ်ခြင်းနှင့်လွတ်မြောက်ခြင်းစသည့်တို့ဖြစ်သည်။ ယနေ့ အသင်းတော်တွင် ဝိညာဉ်တော်၏နေရာတွင် လူကြိုက်များသောအစားထိုးမှုတစ်ခုမှာဇာတိသဘောဖြစ်ကြောင်းကို ထိုစာစောင်များကဖော်ပြပေးသည်။

| | |
|---|---|
| | |
| | |
| **စင်ကြယ်သောကျေးဇူးတော်၏သတင်းကောင်း**<br>**အစောပိုင်းစာစောင်များ** | **အေဒီ ၄၈–၅၇** |

**လေ့လာသုံးသပ်ခြင်းနှင့် ဆင်ခြင်အောက်မေ့ခြင်း။**အောက်ပါကျမ်းပိုဒ်များနှင့်နှုတ်ကပတ်တော်များကိုဖတ်၍ သင်လေ့လာခဲ့ သောအရာတို့ကို အကျဉ်းချုပ်ရေးသားပါ။

ကျေးဇူးတော်၏သတင်းကောင်းဆိုသည်မှာအဘယ်နည်း။ ဂလာတိ၊ ၁း၁-၂၄ ကိုဖတ်၍အကျဉ်းချုပ်ဖြေဆိုပါ။

________________________________________

________________________________________

________________________________________

စင်ကြယ်သောကျေးဇူးတော်၏သတင်းကောင်းနှင့်ပညတ်တရားတို့၏ခြားနားချက်သည်မည်သည့်အရာများဖြစ်မည်နည်း။ ဂလာတိ၊ ၂း၁-၂၁ ကိုဖတ်၍အကျဉ်းချုပ်ဖြေဆိုပါ။

________________________________________

________________________________________

________________________________________

ဘုရားသခင်၏မျက်မှောက်တွင် လူတစ်ဦးသည် ဖြောင့်မတ်ခြင်းနှင့်မှန်ကန်သောအသက်တာရရှိကြောင်းကို မည်သို့ကြွေးကြော်နိုင် မည်နည်း။ ဂလာတိ၊ ၃း၁-၂၉ ကိုဖတ်၍အကျဉ်းချုပ်ဖြေဆိုပါ။

________________________________________

________________________________________

________________________________________

ပညတ်တရား၌မဟုတ်ဘဲ၊ ကျေးဇူးတော်၏သတင်းကောင်းအားဖြင့် ကယ်တင်ခြင်းကို တမန်တော်ရှင်ပေါလုသည်မည်သို့ သက်သေပြခဲ့သနည်း။ ဂလာတိ၊ ၄း၁-၃၁ ကိုဖတ်၍အကျဉ်းချုပ်ဖြေဆိုပါ။

________________________________________

________________________________________

________________________________________

ဝိညာဉ်တော်၌လျှောက်လှမ်းခြင်းနှင့် အသွေးအသား၌လျှောက်လှမ်းခြင်းတို့ကြားရှိ ခြားနားချက်သည်မည်သည့်အရာဖြစ်သနည်း။ ဂလာတိ၊ ၅း၁-၂၆ ကိုဖတ်၍အကျဉ်းချုပ်ဖြေဆိုပါ။ ______________________________

ကိုယ်အတွက်၊ လူတို့အတွက်မဟုတ်ဘဲ၊ စင်ကြယ်သောကျေးဇူးတော်၏သတင်းကောင်းသည်ဘုန်းတော်ကိုဘုရားသခင်ဆီသို့မည်သို့သယ်ဆောင်နိုင်မည်နည်း။ ဂလာတိ၊ ၆း၁-၁၈ ကိုဖတ်၍အကျဉ်းချုပ်ဖြေဆိုပါ။ ______________________________

**ဆွေးနွေးချက်။** ပညတ်တရားနှင့်စင်ကြယ်သောကျေးဇူးတော်၏သတင်းကောင်းတို့၏ခြားနားချက်တို့ကိုရေးသားပါ။ သင့်အသက်တာ၊မိသားစုနှင့်အသင်းတော်များတို့တွင် စင်ကြယ်သောကျေးဇူးတော်၏သတင်းကောင်းနှင့်ပတ်သက်၍နှိုင်းယှဉ်၍ရေးသားပါ။ ______________________________

စင်ကြယ်သောကျေးဇူးတော်၏သတင်းကောင်း၌ပို၍ကောင်းမွန်စွာတည်ဆောက်နိုင်ရန်၊ သင့်အသက်တာ၊မိသားစုနှင့်အသင်းတော်၌မည်သည့်ပြောင်းလဲမှုများပြုလုပ်ရန်လိုအပ်ပါသနည်း။ ______________________________

**လက်တွေ့ကျင့်သုံးခြင်း။** ဤပြောင်းလဲမှုများကို သင့်အသက်တာ၊မိသားစုနှင့်အသင်းတော်များ၌ မည်သည့်အချိန်တွင်မည်ကဲ့သို့ လုပ်ဆောင်မည်နည်း။ ______________________________

# သင်ခန်းစာ(၁၄)
# အသင်းတော်များကိုတည်ဆောက်ခြင်း – ရှင်ပေါလု၏အစောပိုင်းစာစောင်များ အေဒီ ၄၈–၅၇

**သက်သာလောနိတ်ဩဝါဒစာပထမနှင့်ဒုတိယစာစောင်သည်**ကျေးဇူးတော်၏သတင်းကောင်း၌ ယုံကြည်သူများ တည်ဆောက်ကြဘို့ရန်ရှင်ပေါလုရေးသားခဲ့သောဒုတိယနှင့်တတိယစာစောင်များဖြစ်သည်။ ထိုစာစောင်များသည် ယုံကြည်သူလူသစ်များအား ယုံကြည်မှုအသစ်၌စွဲမြဲစွာ၊ကြီးထွားရန်နှင့်ဒုက္ခ၊ ညှင်းပန်းနှိပ်စက်မှုတို့ရှိလင့်ကစား ဘုရားကို ကြောက်ရွံ့သော အသက်တာဖြင့်အသက်ရှင်ရန်တိုက်တွန်းထားပါသည်။

| | |
|---|---|
| | |
| | |
| **စင်ကြယ်သောကျေးဇူးတော်၏သတင်းကောင်း အစောပိုင်းစာစောင်များ** | **အေဒီ ၄၈–၅၇** |

**လေ့လာသုံးသပ်ခြင်းနှင့်ဆင်ခြင်အောက်မေ့ခြင်း။** အောက်ပါကျမ်းပိုဒ်များနှင့်နှုတ်ကပတ်တော်များကိုဖတ်၍ သင်လေ့လာခဲ့သောအရာတို့ကို အကျဉ်းချုပ်ရေးသားပါ။

သက်သာလောနိတ်အသင်းတော်သို့ရောက်ရှိလာသော ကျေးဇူးတော်၏စင်ကြယ်သောသတင်းကောင်း၏ရလဒ်(သို့) အကျိုးသက်ရောက်မှုတို့ကား မည်သည့်အရာများ ဖြစ်သနည်း။ ၁သက်၊ ၁း၁-၁၀ ကိုဖတ်၍ အကျဉ်းချုပ်ဖြေဆိုပါ။

တမန်တော်ရှင်ပေါလုသည် စင်ကြယ်သောကျေးဇူးတော်၏သတင်းကောင်းကိုသက်သာလောနိတ်အသင်းတော်တွင် မည်သို့ အမှုဆောင်ခဲ့သနည်း။ ၁သက်၊ ၂း၁-၃း၁၃ ကိုဖတ်၍အကျဉ်းချုပ်ဖြေဆိုပါ။

စင်ကြယ်သောကျေးဇူးတော်၏သတင်းကောင်းကိုလက်ခံရရှိရန်၊ သင့်တာဝန်ဝတ္တရားက မည်သည့်အရာဖြစ်သနည်း။ ၁သက် ၄း၁-၅း၂၈ ကိုဖတ်၍အကျဉ်းချုပ်ဖြေဆိုပါ။

ဒုက္ခဆင်းရဲခြင်းနှင့်စီရင်ခြင်းများကြုံတွေ့သောအခါ ခံနိုင်ရည်ရှိရန် စင်ကြယ်သောကျေးဇူးတော်၏သတင်းကောင်းသည် သင့်အား မည်ကဲ့သို့ ခိုင်မာစွာရပ်တည်နိုင်ရန် ကူညီဖေးမပေးသနည်း။ ၂သက်၊ ၁း၁-၁၂ ကိုဖတ်၍အကျဉ်းချုပ်ဖြေဆိုပါ။

သခင်ဘုရား၏နေ့နှင့်လူပုန်ကန်သူပေါ်ထွက်လာမည့်အချိန်တွင် စင်ကြယ်သောကျေးဇူးတော်၏သတင်းကောင်းသည် သင့်အားခိုင်မာစွာရပ်တည်နိုင်ရန်မည်သို့ကူညီဖေးမပေးမည်နည်း။ ၂သက်၊ ၂း၁-၁၇ ကိုဖတ်၍အကျဉ်းချုပ်ဖြေဆိုပါ။

စင်ကြယ်သောကျေးဇူးတော်သတင်းကောင်း၏လက်တွေ့ကျသောအချို့သောကဏ္ဍများသည် မည်သည့်အရာများ ဖြစ်မည်နည်း။ ၂သက်၊ ၃း၁-၁၈ ကိုဖတ်၍အကျဉ်းချုပ်ဖြေဆိုပါ။

**ဆွေးနွေးချက်။** စင်ကြယ်သောကျေးဇူးတော်၏သတင်းကောင်းတာဝန်ဝတ္တရားနှင့်အကျိုးသက်ရောက်မှုများသည် မည်သည့်အရာများဖြစ်မည်နည်း။ သက်သာလောနိတ်အသင်းတော်တွင်တွေ့ရသော စင်ကြယ်သောကျေးဇူးတော်၏ သတင်းကောင်းကို သင့်အသက်တာ၊မိသားစု၊အသင်းတော်နှင့်နှိုင်းယှဉ်ပါ။

စင်ကြယ်သောကျေးဇူးတော်၏သတင်းကောင်း၌ ပို၍တည်ဆောက်နိုင်ဘို့ရန် သင့်အသက်တာ၊မိသားစုနှင့်အသင်းတော်၌ မည်သည့်ပြောင်းလဲမှုများပြုလုပ်ရန်လိုအပ်ပါသနည်း။

**လက်တွေ့ကျင့်သုံးခြင်း။** ဤပြောင်းလဲမှုများကို သင့်အသက်တာ၊မိသားစုနှင့်အသင်းတော်များ၌ မည်သည့်အချိန်တွင် မည်ကဲ့သို့ လုပ်ဆောင်မည်နည်း။

## သင်ခန်းစာ(၁၅)
## အသင်းတော်များကိုတည်ဆောက်ခြင်း – ရှင်ပေါလု၏အစောပိုင်းစာစောင်များ အေဒီ ၄၈–၅၇

**ကောရိန္တုသြဝါဒစာပထမစာစောင်သည်** ကျေးဇူးတော်၏သတင်းကောင်း၌ယုံကြည်သူများတည်ဆောက်ကြဘို့ရန်ရှင်ပေါလုရေးသားခဲ့သောစတုတ္ထမြောက်စာစောင်ဖြစ်ပါသည်။ စင်ကြယ်သောကျေးဇူးတော်သတင်းကောင်း၏ဆက်နွယ်မှုကို နားလည်ပြီး၊ အသုံးချနိုင်ဘို့ရန်ကူညီဖေးမပေးခြင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးအားဖြင့် ခရစ်တော်၌သူတို့၏တည်ရှိနေမှုကိုလက်တွေ့အသုံးပြုနိုင်ရန် ထိုအသစ်သောအသင်းတော်ကိုညီညွတ်စေရန်နှင့် သန့်ရှင်းစင်ကြယ်စေရန် ရေးသားခဲ့ခြင်းဖြစ်သည်။

| |
|---|
| |
| |
| **စင်ကြယ်သောကျေးဇူးတော်၏သတင်းကောင်း အစောပိုင်းစာစောင်များ** |

**အေဒီ ၄၈–၅၇**

**လေ့လာသုံးသပ်ခြင်းနှင့်ဆင်ခြင်အောက်မေ့ခြင်း။** အောက်ပါကျမ်းပိုဒ်များနှင့်နှုတ်ကပတ်တော်များကိုဖတ်၍ သင်လေ့လာခဲ့သောအရာတို့ကို အကျဉ်းချုပ်ရေးသားပါ။

ကျေးဇူးတော်၏စင်ကြယ်သောသတင်းကောင်းဆက်နွယ်မှုသည်အသင်းတော်အတွင်းသင်းကွဲခြင်းကို မည်သို့ကာကွယ်ပေးသနည်း။ ၁ကော၊ ၁း၁-၄း၁၂ ကို ဖတ်၍ အကျဉ်းချုပ်ဖြေဆိုပါ။ ____________________

____________________________________________

ကျေးဇူးတော်၏စင်ကြယ်သောသတင်းကောင်းဆက်နွယ်မှုသည် အသင်းတော်အတွင်းပျက်ပြားနေသောကိုယ်ကျင့်တရားတို့ကို မည်သို့တည့်မတ်စေသနည်း။ ၁ကော၊ ၅း၁-၆း၂၀ ကိုဖတ်၍အကျဉ်းချုပ်ဖြေဆိုပါ။

____________________________________________

စင်ကြယ်သောကျေးဇူးတော်၏သတင်းကောင်းဆက်နွယ်မှုသည် မည်သည့်နေရာများတွင် ခိုင်မာစွာရပ်တည်စေသနည်း။ ၁ကော၊ ၅း၁-၆း၂၀ ကိုဖတ်၍အကျဉ်းချုပ်ဖြေဆိုပါ။
